မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၁]

အရိယ သစ္စာန ဒဿနံ ဇေတံမင်္ဂလ မုတ္တမံ သစ္စာလေးပါးကိုသိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ စက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့

နေပြည်တော် ဒီဇင်ဘာ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အဆိုပါ စီမံကိန်းဧရိယာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်ပေါင်းလောင်းပင်မတမံ၊ ရေယူအဆောက်အအုံနှင့် ရေဝပ်ဧရိယာတို့အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

- စစ်တောင်းမြစ်ဂုမ်းပေါ်တွင် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ၁၀ ခုကို တည်ဆောက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၅၅ပေါင်း ၈၃၀ မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်ပြီဖြစ်
- ၁၀၀ မဂ္ဂါဝပ် ထွက်ရှိမည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၁၅၀ မဂ္ဂါဝပ်ထွက်ရှိမည့် သောက်ရေသစ် (၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၀ မဂ္ဂါဝပ်ထွက်ရှိမည့် ဘောဂထ ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်

ဦးအောင်နိုင် (ရှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK),
DA(LCCI-UK), FFA(IFA-UK)
for 2016, June Exam
LCCI
Level - I, II, III
စာရင်းကိုင်သင်တန်းများ
ACCA, Dip IFR
ကျောင်းဆက် လက်ခံပြီ
LCCI International Qualifications Approved Centre
အမှတ်- ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)
Tel: 01-377610, 09-730 66231, 09-320 60060

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူ့အခွင့်အရေးစံနှုန်းများ လေးစားလိုက်နာ

ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် ဒီမိုကရေစီစနစ်အရ လူဂုဏ်သိက္ခာနှင့်အညီ လွတ်လပ်စွာနေထိုင်နိုင်ခြင်းသည် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးပင်ဖြစ်သည်။ ဤသည်ကိုပင် လူ့အခွင့်အရေး (Human Rights) ဟု ဆိုကြပါသည်။ လူတိုင်း လူတိုင်းသည် လွတ်လပ်ခွင့်အပြည့်အဝရရှိကြရမည်ဖြစ်ပါသည်။ လူသားတစ်ဦးနှင့်တစ်ဦး ညှဉ်းပန်းနှိပ်စက်ခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်း၊ လူမှောင်ခိုကူးခြင်း၊ လုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်းနှင့် ပိတ်ဆို့ဟန့်တားမှုများ ပြုလုပ်ခြင်းတို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က လူတန်ဖိုး လူ့အခွင့်အရေးများကို လူတိုင်းလူတိုင်း သတိပြုလိုက်နာနိုင်ကြစေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို ရေးဆွဲကာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုခဲ့လေသည်။ ဤနေ့ကိုပင် လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ကြေညာကာ ထိုနေ့ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အသီးသီးတို့၌ လူ့အခွင့်အရေးအခမ်းအနားများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်၍ ဆွေးနွေးအသိပေးလေ့ရှိကြပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူ့အခွင့်အရေး အုပ်စုကြီး ငါးခုကို တွေ့ရမည်ဖြစ်ပါသည်။ ယင်းတို့မှာ-

(၁) ပြည်သူ့ရေးရာအခွင့်အရေး (Civil Rights)
(၂) နိုင်ငံရေးရာအခွင့်အရေး (Political Rights)
(၃) စီးပွားရေးရာအခွင့်အရေး (Economic Rights)
(၄) လူမှုရေးရာအခွင့်အရေး (Social Rights)
(၅) ယဉ်ကျေးမှုရေးရာအခွင့်အရေး (Cultural Rights)

ဟူ၍ ဖြစ်ပါသည်။ ယင်းတို့ကို လူ့အခွင့်အရေး၏ စံနှုန်းများနှင့်အညီ လူသားတိုင်းက လေးစားလိုက်နာ တန်ဖိုးထားကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတလမ်းညွှန်ချက်ဖြင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လကတည်းက လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းကာ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းလျက် လူ့အခွင့်အရေးမြှင့်တင်ရေး (Human Rights Promotion) လုပ်ငန်းနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး (Human Rights Protection) လုပ်ငန်းတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဥပဒေကြောင်းအရမဟုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှု တိုင်တန်းစာများကို လက်ခံပြီး စိစစ်ဖော်ထုတ် အသိပေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် အကျဉ်းထောင်များတွင်လည်း လူ့အခွင့်အရေးနှင့် လျော်ညီစွာ အကျဉ်းသားများအား ထားရှိမှုများနှင့် စပ်လျဉ်း၍လည်း မကြာခဏ သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့်အညီ လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးကလည်း လူ့အခွင့်အရေး လူ့တန်ဖိုးများကို လေးစားတန်ဖိုးထားကြရမည်ဖြစ်ပါသည်။ လူ့အခွင့်အရေးစံနှုန်းများကို လူသားတိုင်းက လေးစားတန်ဖိုးထားကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲတွင် ဆုချီးမြှင့်

မော်လမြိုင် ဒီဇင်ဘာ ၉

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က World AIDS Day တွင် ဆုရရှိသူများဖြစ်သော ပထမဆု မအိဖြူပြာလွမ်း၊ ဒုတိယဆု မစိုးနန္ဒာခိုင်၊ တတိယဆု မပွင့်ဖူးဝုံ၊ အထက်တန်းအဆင့် စာစီစာကုံး ပထမဆုရ အ-ထ-က(၁)နဝမတန်းမှ မယွန်းအိမ်၊ ဒုတိယဆုထ(ခွဲ) လ(၄) အဋ္ဌမတန်းမှ မနှင်းဖြူရင်၊ တတိယဆုရ အ-ထ-က(ရွှေနတ်တောင်)ကျောင်းအဋ္ဌမတန်းမှ မနှင်းသဇင်ထက်တို့ကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးတို့က အလယ်တန်းအဆင့်(ပိုစတာ)ပြိုင်ပွဲတွင် ပထမဆုရ အထက (၉) သတ္တမတန်းမှ မောင်စိုင်းပြည့်ဟိန်း၊ ဒုတိယဆုရ ထ(ခွဲ)လ(၄) ပဉ္စမတန်းမှ မရွှန်းလဲ့သက်ထား၊ တတိယဆုရ အထက (၁)သတ္တမတန်းမှ မောင်ဗညားအောင်တို့အား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေပါမာန်စာမူဆုရရှိကြသူများ ဆုနှင်းသဘင်သို့ တက်ရောက်ရန်နှိုးဆော်

ရန်ကုန် ဒီဇင်ဘာ ၉

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် စာပေဆုနှင်းသဘင်သို့ တက်ရောက်ကြမည့် စာပေဆုရရှိကြသူများနှင့် ဖိတ်ကြားထားသော ပရိသတ်အားလုံး အခမ်းအနားမစတင်မီ နာရီဝက်ကြိုတင်နေရာယူပေးကြရန် နှိုးဆော်ထားကြောင်းနှင့် စာပေဆုနှင်းသဘင် အစမ်းလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၁ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် အမျိုးသားဇာတ်ရုံ၌ပင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျဉ်းမနားမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ပျဉ်းမနား ဒီဇင်ဘာ ၉

နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ အမှတ် (၁၃၆) အလက ကျောင်း၌ ဒီဇင်ဘာ ၄ ရက်က ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများက မိုးပွင့်အထူးအပိုင်း (၂) စိမ်ချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သော အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၆၁ ဦးအား နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာခရိုင်ဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်စိုးနှင့် မြို့နယ်ပညာရေးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးသန်းလင်း၊ ကျောင်းအုပ်ကြီး ဦးဝင်းခိုင်တို့က တစ်ဦးချင်းပေးအပ်ခဲ့သည်။

ဒကွိုဏာခရိုင် ဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်စိုးက ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအား မိုးပွင့်အထူး အပိုင်း (၂) စိမ်ချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသော နိုင်ငံသားလုပ်ငန်းကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ကြီး ဦးဝင်းခိုင်က ပေးလိမ်သော ကျေးရွာဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် စာသင်ချိန်မပျက် အချိန်ကုန် စရိတ်သက်သာ၍ အမှန်တကယ်အထောက်အကူပြုကြောင်း ပြောသည်။

မျိုးဇေယျာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၁၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၃၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၇၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၆၃၀/၆၄၀ ကျပ်
အောက်တိန်း ၉၂	၆၅၀/၆၇၅ ကျပ်
အောက်တိန်း ၉၅	၇၅၀/၇၇၀ ကျပ်
ပရီမီယံဒီဇယ်	၆၆၀/၆၉၀ ကျပ်

စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

	ရန်ကုန်
ဒီဇယ်	၅၆၈ ကျပ်
အောက်တိန်း ၉၂	၅၆၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘက်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၅.၀
ဥရောပ	တစ်ယူရို	၁၄၀၇.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၂၅.၉၃
ထိုင်း	တစ်ဘတ်	၃၆.၁၈၃
အိန္ဒိယ	တစ်ရူပီး	၁၉.၄၁၉
တရုတ်	တစ်ယွမ်	၂၀၂.၃၁
မလေးရှား	တစ်ရင်းဂစ်	၃၀၇.၄၂

ခင်ရတနာ-စုစည်းသည်။

❖ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဂျပန်နိုင်ငံ အစိုးရကိုယ်စား ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှု အေဂျင်စီမှ ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရီ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Tateshi Higuchi ၊ Japan Exchange Group ၊Tokyo Stock Exchange၊ Daiwa Securities Group Inc., a holding company of Daiwa Securities ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပဏာမရွေးချယ်ထားသော ငွေချေးသက်သေခံ လက်မှတ်များကို တစ်ဆင့်ခံရောင်းချမည့် ကုမ္ပဏီများမှ အမှုဆောင်အရာရှိများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲကို ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ ရှေ့ဥပစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှု အေဂျင်စီမှ ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရီ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi Higuchi ၊ Daiwa Securities Group Inc., & Holding Company of Daiwa Securities ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Takashi Hibino နှင့် Tokyo Stock Exchange အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌနှင့် Japan Exchange Group ဒါရိုက်တာဖြစ်သူ Mr. Koichiro Miyahara တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းက ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဘည်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံအတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့် အမှာစကားပြောကြားရာတွင် ယခု စတော့အိတ်ချိန်း စတင်လည်ပတ်ရာ၌ စာရင်းဝင်ကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံသားပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖြင့် သာ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲနေပြီဖြစ်ပြီး မကြာမီ အချိန်အတွင်း ဥပဒေအသစ်ကို ပြဋ္ဌာန်းတော့မည် ဖြစ်ကြောင်း၊ အဆိုပါ ဥပဒေသစ်ပြဋ္ဌာန်းပြီးချိန်တွင် နိုင်ငံခြားသားပိုင် အစုရှယ်ယာများ ပါဝင်သည့် ဖက်စပ်ကုမ္ပဏီများကို စာရင်းဝင်ကုမ္ပဏီများအဖြစ် လက်ခံသတ်မှတ်ပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာများ ရောင်းချခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် အပြန်အလှန် စာရင်းဝင်ကုမ္ပဏီများအဖြစ် သတ်မှတ်ပြီး လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းများ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ စသည့် ငွေချေးသက်သေခံလက်မှတ်များကို ရန်ကုန်စတော့အိတ်ချိန်းတွင် လဲလှယ်ရောင်းဝယ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ ကော်မရှင်နာက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်စတော့အိတ်ချိန်း၏ ရှယ်ယာရှင်ဖြစ်သူ Japan Exchange Group ၏ ကိုယ်စားလှယ် Mr. Takashi Hibino နှင့် Tokyo Stock Exchange အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌနှင့် Japan Exchange Group ဒါရိုက်တာ Mr. Koichiro Miyahara တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းက ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ် ခေါင်းလောင်းထိုးပေးသည်။

ဆက်လက်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာရောင်းချမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအား ကြေညာပေးပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်ပုံကို သရုပ်ပြရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရန်ကုန်စတော့အိတ်ချိန်း ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းသည် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှု အေဂျင်စီမှ ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရီအား ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ၌ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ ဘဏ္ဍာရေးနှင့် အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရီအား ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ စျေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖြစ်ပေါ်တိုးတက်စေရေးအတွက် များစွာအထောက်အကူပြုသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ရန်ကုန်စတော့အိတ်ချိန်း ပေါ်ပေါက်လာရေးအတွက် ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၊ Financial Service Agency ၊ Policy Research Institute နှင့် Daiwa Securities Group၊ JPX တို့က ၁၉၉၆ ခုနှစ်ခန့်မှစ၍ နည်းပညာဆိုင်ရာနှင့် ပညာရှင်များကို ကူညီပေးခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းသည် မြန်မာနိုင်ငံဘက်မှ မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Daiwa Institute of Research က ၃၉ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် Japan Exchange Group က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ဖက်စပ်ကုမ္ပဏီဖြစ်ပြီး ကနဦး မတည်ငွေရင်း ကျပ် ၃၂ ဘီလီယံထည့်ဝင်ကာ လုပ်ငန်းများစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းကို အဝယ်အရောင်း အော်ဒါအဖြစ် နံနက် ၁၁ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ရန်ကုန်စတော့အိတ်ချိန်းနှင့်ပတ်သက်၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၉

(၄)ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အသွင်သဏ္ဌာန်သစ်နှင့် မြန်မာမီဒီယာ" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ၂၀၁၂ ခုနှစ် မတ်လက ရန်ကုန်မြို့၌ စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်တွင် မီဒီယာကဏ္ဍ တိုးတက်ပြောင်းလဲလာမှုအခြေအနေများ၊ အခက်အခဲစိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံသတင်းစာဆရာသမဂ္ဂ၊ မြန်မာသတင်းစာပညာသိပ္ပံနှင့် တိုင်းရင်းသားမီဒီယာကွန်ရက်ဖြစ်သည့် နိုင်ငံတကာ မြန်မာသတင်းဌာနတို့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါညီလာခံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို http://myanmarmedia development.org/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

ရှင်မင်း

၂၀၁၅-၂၀၁۶ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၁၅-၂၀၁۶ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁۶ ဒသမ ၁၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၃ ဒသမ ၅၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၉ ဒသမ ۶၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၃ ဒသမ ၈۶ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၂၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉۶ ဒသမ ၀၈ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁۶ ခုနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ သန်း ၄၈۶ ဒသမ ၄၀ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁۶ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၄၁ ဒသမ ၂၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၃၉ ဒသမ ၄၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ۶၄၁၀ ဒသမ ۶۶ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇۶۶۶ ဒသမ ၉၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၈ ဒသမ ၀၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁၈၄ ဒသမ ၉၅ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁۶ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅۶၀၅ ဒသမ ۶၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၇۶၄ ဒသမ ၂၉ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

(သတင်းစဉ်)

စင်ကာပူနှင့် တရုတ်ကြား အမေရိကန်သူလျှို့လေယာဉ် ဖြန့်ကြက်မှုကို တရုတ်အထူးအာရုံစိုက်လာ

စင်ကာပူ ဒီဇင်ဘာ ၉

ဒေသတွင်း တည်ငြိမ်ရေးကို မထိခိုက်စေဘဲ အမေရိကန်နှင့် စင်ကာပူနိုင်ငံတို့အကြား သူလျှို လေယာဉ်ဖြန့်ကြက်မှုကို တရုတ်နိုင်ငံ အနေဖြင့် အထူးသတိပြု အာရုံစိုက်လျက်ရှိကြောင်း တရုတ် ကာကွယ်ရေးဝန်ကြီးဌာနက ပြောဆို လိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီအခြေအနေနဲ့ ပတ်သက်ပြီး ဘာတွေဖြစ်လာမယ်ဆိုတာ အာရုံစိုက်နေတာပါ။ နှစ်နိုင်ငံကြား ဒေသတွင်းတည်ငြိမ်အေးချမ်းရေးမျှော်လင့်ချက်နဲ့ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်နေတာကို မကန့်ကွက်လိုပါဘူး" ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အင်္ဂါနေ့က ရုတ်တရက် ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်ပေါ် ထိုသို့ ဖြန့်ကြက်မှုသည် ဒေသတွင်းစစ်ပွဲကို ရည်ရွယ်နေကြောင်း တရုတ် နိုင်ငံ ခြားရေးဝန်ကြီးဌာနက ပြောသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် စင်ကာပူ ကာကွယ်ရေးဝန်ကြီးတို့ ဝါရှင်တန်၌ တနလာနေ့က တွေ့ဆုံအပြီး ဒီဇင်ဘာ ၇ ရက်မှ ၁၄ ရက် အထိ အဆိုပါ သူလျှို့လေယာဉ် ဖြန့်ကြက်မှုကို ကြိုဆိုလိုက်ကြောင်း ပူးတွဲ ကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

အိန္ဒိယတွင် အိုင်အက်စ်အကြမ်းဖက်ခြိမ်းခြောက်မှုများအတွက် ကြိုတင်ကာကွယ်မှုများ အရှိန်မြင့်လုပ်ဆောင်

နယူးဒေလီ ဒီဇင်ဘာ ၉

အိန္ဒိယနိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများ နိုင်ငံတွင်းစိမ့်ဝင်ပျံ့နှံ့လွှမ်းမိုးမှုကိုသိရှိရန် စစ်ဆေးမှုများကို ပြုလုပ်နေကြောင်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ပြောခဲ့သည်။

အိန္ဒိယနိုင်ငံတွင်း အိုင်အက်စ်စစ်သွေးကြွများ စိမ့်ဝင်ပျံ့နှံ့လွှမ်းမိုးလာမှုကို ထိန်းချုပ်ကိုင်တွယ်ရန်အတွက် အစိုးရက နည်းပျူဟာများကို ချမှတ်ဆောင်ရွက်နေကြောင်း၊ အကြမ်းဖက်တန်ပြန် တိုက်ခိုက်ရေးနှင့် အကြမ်းဖက်ဝါဒ အမြစ်ဖြုတ်ရေးတို့နှင့် ပတ်သက်ပြီး စတင်လုပ်ဆောင်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အငယ်တန်းဝန်ကြီး ကီရမ်ရာဂျီဂျူးက ပါလီမန်၌ ပြောကြားခဲ့သည်။

ထို့အပြင် အစိုးရသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အလုပ်သမားရေးရာများကို အခြေခံ၍ ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်ခြိမ်းခြောက်မှုများကို စစ်ဆေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း ၄င်းက ထပ်လောင်းပြောကြားခဲ့သည်။

အကြမ်းဖက်သမားများက လူသစ်စုဆောင်းရာတွင် အားကိုးအားထားပြုနိုင်လောက်သည့် လူငယ်များကို အသုံးချနိုင်သည့်အတွက် ၄င်းတို့နှင့် သက်ဆိုင်သော လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်ရန် စုံစမ်းထောက်လှမ်းရေးအေဂျင်စီကို အစိုးရကတိုက်တွန်းလိုက်ကြောင်း ခိုင်လုံသောသတင်းအထောက်အထားများက ဆိုသည်။

(ဆင်ဟွာ)

ပုံးခြောက်လုန့်မှုကြောင့် ခရီးသည်များအား ရွှေ့ပြောင်းခဲ့ရ

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၉

ခရီးသည် ၁၇၉ ဦးပါသည့် လေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၈ ရက်က ပုံးခြိမ်းခြောက်မှုကြောင့် မက္ကဆီကိုစီးတီးလေဆိပ်တွင် အရေးပေါ်ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ရကြောင်း အမျိုးသားလုံခြုံရေးအရာရှိ ရီနယ်ဒိုစေးလ်က ပြောခဲ့သည်။

ကံကောင်းထောက်မစ္စာဖြင့် ၄င်းသတင်းမှာ သတင်းအမှားဖြစ်ကြောင်း မက္ကဆီကိုမြို့တော် ဖက်ဒရယ်ကာကွယ်ရေးလုပ်ငန်း ဖန်တီးတည်ထောင်ခြင်း ခုနှစ်ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားမှ စေးလ်က ပြောခဲ့သည်။

အဆိုပါ ပုံးလန့်မှု ဖြစ်ပွားနေစဉ်အတွင်း အရေးပေါ်လုပ်ငန်းဆောင်တာများကို ပုံမှန်အတိုင်းဆောင်ရွက်ခဲ့ကြောင်း မက္ကဆီကိုမြို့တော် နိုင်ငံတကာလေဆိပ်က ထုတ်ပြန်ကြေညာချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

ပုံးခြိမ်းခြောက်ခံရသော ဗော်လာရစ်လေကြောင်းလိုင်း လေယာဉ်သည် ယင်းလေဆိပ်၏အန္တရာယ်ကင်းသော နေရာတွင် ရပ်တန့်ခဲ့ရပြီး ခရီးသည်များကို ရွှေ့ပြောင်းကာ ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း လေကြောင်းထိန်းသိမ်းရေးအရာရှိများက ပြောခဲ့သည်။

လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များ လုပ်ဆောင်ပြီးနောက် ပေါက်ကွဲစေသောပစ္စည်းများကို လေယာဉ်ပေါ်တွင် မတွေ့ရှိခဲ့ကြောင်း မက္ကဆီကိုမြို့တော် နိုင်ငံတကာလေယာဉ်ကွင်းက ပြောခဲ့သည်။ (ဆင်ဟွာ)

ယာဆူကူနီစစ်သည်ပိမာန်ပေါက်ကွဲမှု၌ သံသယဖြစ်ဖွယ်သြားသဖြင့် ဂျပန်အာဏာပိုင်များက တောင်ကိုရီးယားနိုင်ငံသားတစ်ဦးကို ဖမ်းဆီး

တိုကျို ဒီဇင်ဘာ ၉

တိုကျိုရဲအရာရှိများက တောင်ကိုရီးယား အမျိုးသားတစ်ဦးကို လွန်ခဲ့သောလက တိုကျို ယာဆူကူနီ ပိမာန်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ဖမ်းဆီးခဲ့ကြောင်း အင်္ဂန်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ယင်းသံသယဖြစ်ဖွယ်တရားခံမှာ ဂျပန်နိုင်ငံသို့ ပေါက်ကွဲမှုဖြစ်ပွားသည့်နေ့ နံနက်ပိုင်းက ဝင်ရောက်ခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပြီးနောက် တောင်ကိုရီးယားသို့ ပြန်သွားခဲ့သူဖြစ်သည်။

အဆိုပါ တောင်ကိုရီးယားနိုင်ငံသား သံသယဖြစ်သူကို တိုကျိုဘုရားကျောင်းရှိ သန့်စင်ခန်းထဲသို့ ဝင်ရောက်ပြီး အမည်မသိသော ပစ္စည်းတစ်ခုကိုထားခဲ့မှုဖြင့် စွဲချက်တင်လိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ယင်းသံသယဖြစ်ဖွယ် တောင်ကိုရီးယားနိုင်ငံသားက အဆိုပါစွပ်စွဲချက်များကို ငြင်းဆိုထားသည်။

(အင်္ဂန်အိတ်ချ်ကေ)

အိုပက် ပုံမှန်အတိုင်းထုတ်လုပ်၍ ရေနံဈေးနှုန်း ကျဆင်း

နယူးယောက် ဒီဇင်ဘာ ၉

ကမ္ဘာ့ရေနံထုတ်လုပ်မှုသည် လိုအပ်ချက်ထက် ကျော်လွန်နေသဖြင့် ရေနံဈေးမှာ အင်္ဂါနေ့က ဆက်တိုက်ကျဆင်းလျက်ရှိသည်။

ကမ္ဘာ့ရေနံတင်ပို့ရောင်းချနိုင်ငံများအဖွဲ့ (အိုပက်)က လက်ရှိရေနံထုတ်လုပ်မှုကို တိုးမထုတ်ဘဲ တစ်နေ့ စည်ပေါင်း ၃၁ ဒသမ ၅ သန်းအထိ ပုံမှန်အတိုင်းသာ ထုတ်လုပ်ရန် သဘောတူခဲ့ပြီးနောက် ရေနံဈေးမှာ ကျဆင်းလျက်ရှိသည်။ ထိုအတောအတွင်း အမေရိကန်ရေနံစိမ်းထုတ်လုပ်မှုမှာ အောက်တိုဘာလနှင့် နွေဦးယှဉ်ရာတွင် နိုဝင်ဘာလအတွင်း စည်ပေါင်း ၆၀၀၀၀ ခန့် လျှော့ချထုတ်လုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ် တတိယသုံးလပတ်အတွင်း လျှော့ချထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်စွမ်းအင် အေဂျင်စီ(အီးအိုင်အေ)က ကြေညာချက်ထုတ်ပြန်ထားသည်။ အီးအိုင်အေက ၂၀၁၅ ခုနှစ်က တစ်နေ့စည်ပေါင်း ပျမ်းမျှ ၉ ဒသမ ၃ သန်းထုတ်လုပ်နေရာမှ ၂၀၁၆ ခုနှစ်အတွင်း ၈ ဒသမ ၈ သန်းထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ (ဆင်ဟွာ)

အရှေ့တောင်အာရှနိုင်ငံများ ပါရီတိုက်ခိုက်မှုပုံစံရှောင်ရှားနိုင်ရေး ထောက်လှမ်းရေးသတင်းများနှစ်ဆတိုးမြှင့်ဖလှယ်ရန် သြစတြေးလျတိုက်တွန်း

စင်ကာပူ ဒီဇင်ဘာ ၉

ပြင်သစ်နိုင်ငံ ပါရီမြို့ တိုက်ခိုက်မှုပုံစံရှောင်ရှားနိုင်ရေး သြစတြေးလျနှင့် အရှေ့တောင်အာရှ နိုင်ငံများ ထောက်လှမ်းရေး သတင်းဖလှယ်မှု နှစ်ဆကြိုးပမ်းရန် လိုကြောင်း သြစတြေးလျဝန်ကြီးမိုက်ကယ်ကင်းနန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ရာပေါင်းများစွာသော အင်ဒိုနီရှားနိုင်ငံသားများ၊ မလေးရှားနိုင်ငံသားအချို့နှင့် စင်ကာပူနိုင်ငံသားများသည် ဆီးရီးယားနှင့် အီရတ်သို့ တိုက်ခိုက်ရန် သွားရောက်နေကြသည်ဟု ယုံကြည်ရကြောင်း၊ ယင်းတို့ပြန်လာချိန်တွင် အရှေ့တောင်အာရှသည် တိုက်ခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း မလေးရှားတာဝန်ရှိသူများက ပြောသည်။

"သြစတြေးလျ အပါအဝင် ဒေသတွင်း နိုင်ငံများအားလုံး လုံခြုံရေးအခြေအနေကို မျက်ခြည်မပြတ် သတိပြုကြဖို့ လိုပါတယ်။ ဆိုလိုတာက ထောက်လှမ်းရေးသတင်းအချက်အလက်တွေ နှစ်ဆတိုးမြှင့်ဖလှယ်ကြဖို့လိုပါတယ်" ဟု တန်ပြန် အကြမ်းဖက်တိုက်ခိုက်ရေးနှင့် ပတ်သက်၍ ဝန်ကြီးချုပ်လက်ထောက်ဝန်ကြီး ကင်းနန်းက စင်ကာပူနိုင်ငံ၌ ရိုက်တာသတင်းနှင့် အင်တာဗျူးရာတွင် ပြောသည်။

ပြင်သစ်နိုင်ငံအတွင်း ဒုတိယကမ္ဘာစစ်အပြီး သေပျောက်မှုအများဆုံးဖြစ်သည့် ပါရီတိုက်ခိုက်မှုကြီး လွန်ခဲ့သောလက ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၃၀ သေဆုံးခဲ့ရပြီး အိုင်အက်စ်တို့က ယင်းတို့၏ လက်ချက်ဟု ဝန်ခံပြောဆိုလျက်ရှိသည်။

သို့သော်လွန်ခဲ့သော သီတင်းပတ်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနို၌ မွတ်ဆလင်ဇနီးမောင်နှံ၏ တိုက်ခိုက်မှုကြောင့် လူအများအပြားသေဆုံးခဲ့ခြင်းကို အကြောင်းပြု၍ အမေရိကန်နိုင်ငံအတွင်း မွတ်ဆလင်များ ဝင်ရောက်မှု တားမြစ်ပိတ်ပင်ရေး အမေရိကန် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ပ်၏ တိုက်တွန်း ဆော်သြမှုအပေါ် ကင်းနန်းက ရှုတ်ချလိုက်သည်။

(ရိုက်တာ)

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ့ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့နံနက် ၈ နာရီမှ စတင်၍ ဆက်လက်ပြသရောင်းချလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းနေသူများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲတွင် ကျောက်မျက်ရိုင်းတစ်တွဲချင်းအတွက် အခြေခံအနိမ့်ဆုံး ကြမ်းခင်းဧရိယာမှာ ကျပ်သုံးသိန်းဖြစ်ပြီး၊ ကျောက်စိမ်းတစ်တွဲချင်းအတွက် ကြမ်းခင်းဧရိယာ ငွေကျပ် ၁၀ သိန်း ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြန်မာ့ကျောက်မျက်ရိုင်း ၁၅၂ တွဲ ပြသခဲ့ရာ ၇၅ တွဲ ရောင်းချခဲ့ရပြီး စုစုပေါင်းတန်ဖိုးငွေ ကျပ်သန်း ၁၆၉၀ ကျော် ဖြစ်သည်။

ကျောက်စိမ်းအသား ကျောက်အတွဲ ၆၈၂၆ တွဲကိုလည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၁၀ရက်တွင် ကျောက်စိမ်းတွဲအမှတ် (၁) မှ ၁၇၅၀ အထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် အတွဲအမှတ် ၁၇၅၁ မှ ၃၅၀၀ အထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အတွဲအမှတ် ၃၀၅၁ မှ ၅၂၅၀ အထိလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် အတွဲအမှတ် ၅၂၅၁ မှ ၆၈၂၆ အထိကိုလည်းကောင်း သတ်မှတ်ရက်များအလိုက် အသီးသီး ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရေကြီး၊ မြေပြိုမှုသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေး

မန္တလေး ဒီဇင်ဘာ ၉

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ် လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှ ကြီးမှူး၍ ရေကြီး၊ မြေပြိုမှုသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် အတွေ့အကြုံ ဖလှယ်နိုင်ရေး အကြိုညှိနှိုင်း ဆွေးနွေးပွဲကို မန္တလေးမြို့ ပြဟ္မစိုရ်လှုမှုရေးအသင်း ပညာရေးခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်ဖြစ်ရင် ချိတ်ဆက်လုပ်ဆောင်ဖို့ဆိုပြီး အခုလို ဆွေးနွေးပွဲတွေ ကျင်းပနေတာပါ။ ဒါကြောင့် အစိုးရ ဌာနဆိုင်ရာတွေရယ်၊ NGO၊ CSO တွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ဖို့ဆိုပြီး ရည်ရွယ်တာပါ။ အဲဒီလို ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းတွေအားလုံး ၉၀ ရာခိုင်နှုန်းလောက် အောင်မြင်မယ်လို့ ကျွန်တော် ထင်တယ်"ဟု မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ် လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCDRR) ခေါင်းဆောင် ဦးရှိန်း၏ပြောပြချက်အရ သိရသည်။

အဆိုပါ အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် နီးနွယ်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ CSOတို့က ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ် လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCDRR) အဖွဲ့ကြီးသည် အရပ်ဘက် လူမှုအဖွဲ့အစည်းပေါင်း ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး မြေပြိုမှု သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် အတွေ့အကြုံ ဖလှယ်နိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲများကို ဘားအံ၊ မကွေး၊ ရန်ကုန်မြို့တို့တွင်ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၈ရက်တွင်လည်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မြင်းမူမြို့ ကမ်းနားလမ်း ကျောက်ဆောင်ဆိပ်အနီး ကျောက်ရိုးစီ မြေထိန်းနံရံ ထပ်ပိုးလွှာ ပေ ၁၁၀ တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ကာ ဒီဇင်ဘာ ၈ ရက်တွင် ပြီးစီးနေမှုကို တွေ့ရစဉ်။ (ဝ၃၉)

❍ *ကျောမုံးမှ*

မြန်မာအားကစားအဖွဲ့အတွက် အားကစားနည်းကိုးမျိုး၌ ဆုတံဆိပ်ရယူနိုင်ခဲ့ပြီး ရေကူးအဖွဲ့က ရွှေကိုးခု၊ ငွေခုနစ်ခု၊ ကြေးခုနစ်ခုဖြင့် အအောင်မြင်ဆုံး အားကစားအဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သည်။ စစ်တုရင်အဖွဲ့က ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးသုံးခု၊ ရေကူးအဖွဲ့က ရွှေသုံးခု၊ ငွေခြောက်ခု၊ ကြေး ၁၄ ခု၊ ခုနစ်ယောက်ဘောလုံးနှင့် မြားပစ်အဖွဲ့တို့က ငွေတစ်ခုစီ၊ စားပွဲတင်တင်းနစ်အဖွဲ့က ကြေးနှစ်ခု၊ Goal ball၊ Boccia နှင့်ဘိုးလင်းအဖွဲ့တို့က ကြေးတစ်ခုစီ ရယူနိုင်ခဲ့သည်။ (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး ထိုင်းနိုင်ငံက နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သည်။

ခုနစ်ယောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ - aseanparagame)

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဒီဇင်ဘာ ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃၃နာရီထိ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ရတနာလမ်းမထိပ်ရှိ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး ပေါမောက္ခရဲမြက Update on HIV/AIDS, 2015၊ ဒေါက်တာ Vijay Kumar က Primary Survey in Trauma Patients၊ ဒေါက်တာတင်ဇော်မောင်က Past, Present, Future of Plastic Surgery၊ ဒေါက်တာဝင်းဇော်က Skin Care: Be fresh, look fresh and be smart ၊ ဒေါက်တာတင်အေးက Upgrade in GP Education ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သရပါစာကြည့်တိုက်တို့ပူးပေါင်းစီစဉ်မှုဖြင့် စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီကရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က အမှာစကားပြောကြားရာတွင် စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ခိုင်မာရေး၊ လူငယ်စာကြည့်တိုက်မှူးကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ အများပြည်သူအကျိုး ဝန်ဆောင်မှုပေးနိုင်သည့် နေရာတစ်ခုဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။ ဆက်လက်၍သရပါစာကြည့်တိုက်မှူး ဦးရဲထက်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူး ၅၀ တက်ရောက်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း**

စိတ်ပညာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ စိတ်ပညာအသင်းကကြီးမှူး၍ ပထမအကြိမ် စိတ်ပညာသုတေသနစာတမ်းဖတ်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဒဂုံတက္ကသိုလ် စိတ်ပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ တင်မာစန်းက " A Survey of Teenagers Behaviors on the Social Networking Sites"စာတမ်းနှင့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန လက်ထောက်ကထိက ဦးတင်အောင်မိုးက "The Role of Role Conflict and Role Ambiguity and Occupational Stress in Job Commitment and Job Satisfaction among Nurses "စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ဖုန်း-၀၁-၂၃၁၆၈၆၄ သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

သက်တမ်းကုန်ဆုံး (ဂျိုးဖြူပိုက်လုံး)ခုံးကျော်တံတားဖြိုချ

ရန်ကုန် ဒီဇင်ဘာ ၉

မြို့တော် စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုမိန့်ဖြင့် သက်တမ်းကုန်ဆုံးပြီး ခံနိုင်ရည်မရှိအန္တရာယ်ရှိသော မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်အပိုင်(၅) ဂျိုးဖြူပိုက်ခုံးကျော်တံတားကို နိုဝင်ဘာ ၂၇ ရက်က စတင်ဖြိုချဖျက်ဆီးခဲ့သည်။

အဆိုပါတံတားသည် ပေါက်ကုန်းရပ်ကွက်တွင် ခုံးကျော်တံတားလေးခုရှိသည့်အနက် အမြင့်ဆုံးဖြစ်ပြီးကား၊ ဆိုင်ကယ်၊ စက်ဘီးများသွားလာရာ၌ မကြာခဏ အန္တရာယ်ဖြစ်သောတံတားဖြစ်သည်။

ယခုအခါ သက်တမ်းကုန်ဆုံးပြီး ခံနိုင်ရည်မရှိ၍ အန္တရာယ်ဖြစ်နိုင်သည့်အတွက် တံတားကို ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားအစား မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ခွင့်ပြု ငွေကျပ် သိန်း ၃၀၀ ဖြင့် ရပ်ကွက်အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိန်နှင့်အဖွဲ့တို့ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများအတွက် အန္တရာယ်မရှိသွားရလွယ်ကူသော အကျယ် ၁၄ ပေ၊ အလျား ၁၈ ပေ၊ အမြင့် ရှစ်ပေရှိ တံတားကို တည်ဆောက်ခဲ့ပြီး တံတားဖြိုချရာနှင့် အသစ်တည်ဆောက်ရာတွင် ပါဝင်သည့် လမ်းလုပ်သားများကို ပေါက်ကုန်းရပ်ကွက်နေ အလျှုရှင် ဦးစိုးလှိုင်-ဒေါ်မြမြဌေးတို့က နေ့စဉ် အာဟာရဒါန ကျွေးမွေးခဲ့ကြောင်း သိရသည်။ **မျိုးသန့်(ပြန်/ဆက်)**

ဂျာမနီနိုင်ငံမှ တက္ကသိုလ်များသို့ လေ့လာရေး

ဒေါက်တာမျိုးကြွယ်(စိုက်ပျိုးရေးတက္ကသိုလ်)

ဘွဲ့ကြိုကျောင်းသားများ အသုံးချတက္ကသိုလ်၌ ဘွဲ့ကြိုသုတေသန စုပေါင်းလုပ်ဆောင်နေပုံ။

ဂျာမနီနိုင်ငံ တောင်ပိုင်းဒေသအတွင်းရှိ တက္ကသိုလ်ကိုးခုသို့ Baden-Wurttemberg Foundation ၏ ထောက်ပံ့ကူညီမှုဖြင့် 'Mingalaba Project' အရ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့ကြသည့် ဒေါက်တာ လွင်လွင်စိုး ပါမောက္ခချုပ် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဒေါက်တာခင်နိုင်ဦး၊ ပါမောက္ခချုပ် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဒေါက်တာဖိုးကောင်း၊ တာဝန်ခံပါမောက္ခချုပ် (ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာသီတာဝင်း၊ တာဝန်ခံပါမောက္ခချုပ် (မန္တလေးတက္ကသိုလ်)၊ ဒေါက်တာမျိုးကြွယ်၊ ပါမောက္ခချုပ် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ ဦးအောင်နိုင်မြင့် ပါမောက္ခချုပ် (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်)၊ ဒေါက်တာခင်သန်းယု ဒုတိယပါမောက္ခချုပ် (ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဦးအုန်းလွင် ပါမောက္ခ (သစ်တောတက္ကသိုလ်)နှင့် ဒေါ်ဝင်မင်းစိုး၊ ဂျာမနီသံရုံး ရန်ကုန်မြို့တို့ ဖြစ်ပါသည်။

လေ့လာရေးကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင်စတင်ခဲ့ရာ ဟိုဟင်ဟိုင်းတက္ကသိုလ် (Hohenheim University) သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာညွှန်ကြားရေးမှူး Mr.Framziska Sedenk က ယခုတက္ကသိုလ်သည် စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး စိုက်ပျိုးရေး၊ စီးပွားရေးနှင့် သဘာဝသိပ္ပံ၊ မဟာဌာနများ (Faculty of Agricultural Science; Business, Economics and Social Science; and Natural Science) တို့ ပါဝင်ပါသည်။ စုစုပေါင်း ကျောင်းသားဦးရေမှာ ၉၈၅၃ ဦးရှိပြီး ဆရာ၊ ဆရာမအနေဖြင့် ပါမောက္ခ ၁၂၀ အပါအဝင် ၂၁၀၂ ဦး ရှိကာ တက္ကသိုလ် အကျယ်အဝန်းမှာ ၈၃၈ ဟက်တာ ရှိပါသည်။ ဤတက္ကသိုလ်သည် ဘာသာရပ်ပေါင်းစုံ သင်ကြားပေးသည့် (Comprehensive University) ဖြစ်ကာ စိုက်ပျိုးရေးဘာသာရပ်ကို အဓိကယူသည့် ကျောင်းသားဖြစ်သော်လည်း စီးပွားရေးနှင့် လူမှုရေးသိပ္ပံများ တွဲဖက်ယူနိုင်ခြင်း၊ သဘာဝသိပ္ပံ အဓိကယူသော ကျောင်းသား ကျောင်းသူများက စိုက်ပျိုးရေးနှင့် စီးပွားရေး ဘာသာရပ်များ တွဲဖက်ယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်၍ မြန်မာနိုင်ငံရှိတက္ကသိုလ်များအတွက် အလွန်အကျိုးဖြစ်ထွန်းစေသည့် လေ့လာရေးခရီးဖြစ်ပါသည်။ လေ့လာရေးအဖွဲ့ဝင်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဟိုဟင်ဟိုင်း တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အပြန်အလှန် လေ့လာရေး၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်သင်ကြားရေး ဆွေးနွေးခဲ့ပါသည်။ အခြားလေ့လာခဲ့သော တက္ကသိုလ်များမှာ အင်ဂျင်နီယာ၊ ဝိဇ္ဇာသိပ္ပံ၊ သစ်တော၊ ဂျာမန်ဘာသာနှင့် စီးပွားရေးပညာကို သင်ကြားသောတက္ကသိုလ်များ ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သင်ကြားရေးသုတေသန ပြုလျက်ရှိသော Karlsruhe Institute of Technology (KIT)မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆွေးနွေးခဲ့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ ဘွဲ့လွန်သင်တန်းတက်ရောက်ရေးကိစ္စများ၊ သုတေသနပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ပါသည်။ KIT(Karlsruhe Institute of Technology) သုတေသနနှင့်အသုံးချသိပ္ပံတက္ကသိုလ် တစ်ခုဖြစ်သော်လည်း ဝန်ထမ်းဦးရေ ၉၄၃၉ ဦးရှိပြီး ပါမောက္ခ ၃၄၆ ဦး၊ နိုင်ငံခြားသားသိပ္ပံပညာရှင် ၉၄၁ ဦး၊ ဦးဆောင်သုတေသနပြုလုပ်ကိုင်နေသော ကမ္ဘာကျော်သုတေသနဆိုင်ရာ နာမည်ကြီးတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ သုတေသနနှင့် သင်ကြားရေးအတွက် တစ်နှစ်ရရှိသောဝင်ငွေမှာ ယူရို ၇၉၅ သန်းဖြင့် သုတေသနပြုရင်း ကျောင်းသား ကျောင်းသူ ၂၄၅၂၈ ဦးကို သင်ကြားပေးနေသည်ကို အားကျဖွယ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်များကိုလည်း သင်ကြားရေး၊ သုတေသနပြုတိုးချဲ့ပညာပေးရေး (စိုက်ပျိုးရေးတက္ကသိုလ်တွင်တော့ တောင်သူများကို ခေါ်ယူသင်တန်းပို့ချခြင်း၊ မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်နေပါသည်) စသည်တို့ပြုလုပ်ခြင်းဖြင့် တက္ကသိုလ်ပညာရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ဟူ၍ ရည်မှန်းချက်ဖြင့် ပြုလုပ်ပါက မလွဲမသွေအောင်မြင်နိုင်ပါသည်။

မြန်မာနိုင်ငံတက္ကသိုလ်များရှိ ပါမောက္ခချုပ်များက မိမိတို့သက်ဆိုင်သည့် ဘာသာရပ်အလိုက် တက္ကသိုလ် အချင်းချင်းပူးပေါင်းဆောင်ရွက်လိုမှုကို ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားများ ကို ဂျာမနီနိုင်ငံတောင်ပိုင်းရှိ သက်ဆိုင်ရာတက္ကသိုလ်များသို့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ပထမနှစ်မှစတင်၍ စေလွှတ်ရန်ဆွေးနွေးခဲ့ပါသည်။ ဂျာမနီနိုင်ငံရှိ အသုံးချတက္ကသိုလ်များမှာ စာတွေ့ထက် လက်တွေ့သုတေသနကပိုအားသန်ပါသည်။ KIT ၌ ပေါ်ဆန်းမွေးစပါးမှ အမွေးနုံကို အထွက်ကောင်းစပါးမျိုးများ၌ ဗီဇ (Genetic Engineering) ပြောင်းလဲရေးအစီအစဉ်အရ သုတေသနကို IRRI နှင့် ပူးတွဲဆောင်ရွက်၍ ပြုလုပ်မည့် အစီအစဉ်ချမှတ်ခဲ့ပါသည်။ မကြာမီရက်များအတွင်း ဂျာမနီနိုင်ငံမှ ပါမောက္ခများ မြန်မာနိုင်ငံသို့ လာရောက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးကြမည်ဖြစ်၍ သုတေသနအတွေ့အကြုံအသစ်များ၊ ပညာတော်သင်ကိစ္စ အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ ဤစီမံကိန်းအရ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများကို ဂျာမနီနိုင်ငံတက္ကသိုလ်များတွင် သုံးလမှ ခြောက်လအထိ ကျောင်းသား၊ ဆရာ လေ့လာရေးအစီအစဉ်အရ စေလွှတ်နိုင်မည်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတက္ကသိုလ်များ၏ စံနှုန်းသတ်မှတ်ချက်အရ ဘက်စုံလွှမ်းခြုံနိုင်သောပညာရပ်များ သင်ယူနိုင်စေရန် မြန်မာနိုင်ငံ တက္ကသိုလ်များတွင်လည်း ဘာသာရပ်ပေါင်းစုံသင်ကြားပေးသော (Comprehensive Universities)များဖြစ်အောင် သင်ကြားပေးနိုင်ပါက ပိုမိုတတ်ကျွမ်းသော အဆင့်မြင့်ပညာရပ်များကို လေ့လာနိုင်ပါမည်။

ဂျာမနီတက္ကသိုလ်များ(Bachelor of Applied Science) လက်တွေ့ကို ဦးစားပေးသင်ကြားပေးသော တက္ကသိုလ်များဖြစ်သဖြင့် စိုက်ပျိုးရေးသိပ္ပံများကိုလည်း အဆင့်မြင့်ပြီး (B. Applied Sc.) ဘွဲ့များပေးမည်ဆိုပါက စိုက်ပျိုးရေးနိုင်ငံတွင် ဘာသာရပ်ပေါင်းစုံဘွဲ့ပေးနိုင်သော တက္ကသိုလ်၊ ကောလိပ်များ ပေါ်ထွန်းလာနိုင်ပါမည်။

ဂျာမနီနိုင်ငံတက္ကသိုလ်များ၏ စံနှုန်းသတ်မှတ်ချက်အရ ဘက်စုံလွှမ်းခြုံနိုင်သောပညာရပ်များ သင်ယူနိုင်စေရန် မြန်မာနိုင်ငံတက္ကသိုလ်များတွင်လည်း ဘာသာရပ်ပေါင်းစုံသင်ကြားပေးသော (Comprehensive Universities)များဖြစ်အောင် သင်ကြားပေးနိုင်ပါက ပိုမိုတတ်ကျွမ်းသော အဆင့်မြင့်ပညာရပ်များကို လေ့လာနိုင်ပါမည်

မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင်အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေ

နေပြည်တော် ဒီဇင်ဘာ ၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) တို့ပူးပေါင်း၍ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုအတွက် အခြေခံ အဆောက် အအုံ ဆိုင်ရာ အစည်းအဝေးကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ဒီဇင်ဘာ ၇ ရက်ကကျင်းပခဲ့ရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် နျူကလီးယားစွမ်းအင်သည် လူသားတို့ကောင်းကျိုးအတွက် အရေးပါသည့်စွမ်းအင်ဖြစ်ပါကြောင်း၊ ထိုစွမ်းအင်အရင်းအမြစ်ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံလုပ်ငန်းများနှင့် လူနေမှုဘဝကို အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးရေးအတွက် အသုံးပြုလျက်ရှိပြီး အဆိုပါ နျူကလီးယားစွမ်းအင်ကို နိုင်ငံတိုင်းတွင် သုံးသင့်၊ မသုံးသင့် စဉ်းစားဆုံးဖြတ်နေရပါကြောင်း၊ အခြားတစ်ဖက်ကလည်း နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုံခြုံရေးအဆင့်အတန်းကို သေချာစေရန်အတွက် ထိန်းသိမ်းထားရှိရန် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အသုံးပြုပြီး လောင်စာများကို နျူကလီးယားလက်နက်အသွင် ပြန်လည်ပြုလုပ်ခြင်းဖြင့် တလွဲအသုံးပြုမှုကို ဟန့်တားခြင်းနှင့် နျူကလီးယားလက်နက်မပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန် ကူညီပေ

နေသည့် IAEA ၏ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်သည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့်လုံခြုံရေးကိုမြှင့်တင်ရာတွင်အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း။

မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင်အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေပါကြောင်း၊ အမျိုးမျိုးသော အခန်းကဏ္ဍများတွင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ အဆောက်အအုံကို မြှင့်တင်ထားပြီး အပြည်ပြည်ဆိုင်ရာ နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုံခြုံရေးကို လိုက်နာဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် နျူကလီးယား အဆောက်အအုံမရှိသော်လည်း ရေဒီယိုသတ္တိကြွပင်ရင်းများကို ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ တိရစ္ဆာန်မွေးမြူရေးကဏ္ဍ၊ သုတေသနနှင့် ပညာရေးကဏ္ဍတို့တွင် အသုံးပြုနေပါကြောင်း၊ အသုံးပြုပြီး ရေဒီယိုသတ္တိကြွပစ္စည်းများကို ပင်ရင်းနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပြီး အဏုမြူစွမ်းအင် ဦးစီးဌာန၌လည်း IAEA ၏ ဘေးကင်းရေးစံချိန်စံညွှန်းများအပေါ်တွင် အခြေခံ၍ သိမ်းဆည်းထားရှိပါကြောင်း၊ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုအတွက် အခြေခံအဆောက်အအုံကို တည်ဆောက်ရာတွင် နိုင်ငံအချင်းချင်း ညှိနှိုင်းတိုင်ပင်မှု၊ သတင်းအချက်အလက်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုတို့ဖြင့် အပြန်အလှန်စိတ်ဝင်စားမှုရှိပါကြောင်း၊ နျူကလီးယားအစီအစဉ်ကို မြှင့်တင်ရေးနှင့် အာရှ-ပစိဖိတ်ဒေသတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကို ရွေးချယ်ရေးနှင့် အောင်မြင်အောင် ဆောင်ရွက်ရေးလုပ်ငန်းများ ပြန့်ပွားစေရေးနှင့် စပ်လျဉ်းသည့် အသိပညာများလည်း တိုးတက်ရရှိနေပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)မှ ကျွမ်းကျင်သူများ၊ ဘဂ်လားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အီရန်နိုင်ငံ၊ အီရတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ပါလက်စတိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း လွှတ်တော်ကအတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့မနက်လွဲ ၁ နာရီခွဲတွင်ကျင်းပရာ **(ယာပုံ) အထူးကုန်စည်ခွန်ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းနှစ်ခုကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခုအား ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ **အထူးကုန်စည်ခွန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် ပြည်သူပြည်သားများ၏ စားသုံးမှုကို အခွန်စနစ်နှင့် ထိန်းညှိပေးရန်ဆိုသည့်ရည်ရွယ်ချက်ကို ပိုမိုပြင်လာစေရန်လည်းကောင်း၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ တိုက်ရိုက်အခွန် အလေးထားကောက်ခံသည့်စနစ်အစား သွယ်ဝိုက်ခွန်ကို အလေးထားကောက်ခံသည့်စနစ်အဖြစ် တန်ဖိုးဖြည့်အခွန်စနစ်ကို ကျင့်သုံးနိုင်ရန် အတွက်လည်းကောင်း၊ အခြားနိုင်ငံများတွင် အထူးကုန်စည်ခွန်အဖြစ် သီးခြားသတ်မှတ်သည့် ကုန်စည်များ အပေါ် အထူးကုန်စည်ခွန်ဥပဒေဖြင့် ကောက်ခံကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အထူးကုန်စည်များအပေါ် လက်ရှိကုန်သွယ်လုပ်ငန်းခွန်ဥပဒေဖြင့် ကောက်ခံခြင်းအစား သီးခြားအခွန်ဥပဒေတစ်ရပ်ဖြင့် စီမံခန့်ခွဲခြင်း၊ ကောက်ခံခြင်း ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်၍ အထူးကုန်စည်ခွန်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ရှင်းလင်းတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် မကွေးတိုင်းဒေသကြီး ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို လေ့လာစိစစ်ချက်များအရ ဥပဒေကြမ်း၏အပိုဒ် ၄ ပါ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဃ)၊ အပိုဒ် ၂၀၊ အပိုဒ် ၃၂ နှင့် အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် အပိုဒ် ၃၂ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၅ တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်းလည်းကောင်း ပြဋ္ဌာန်းသင့်ပါကြောင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် **၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအပါအဝင် အစီရင်ခံစာလေးခုနှင့် ဥပဒေကြမ်းသုံးခုဖတ်ကြားခြင်း၊ အသိပေးခြင်းနှင့် အတည်ပြုခြင်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် ၁၄ ခုဖြင့် ကျင်းပရာ **လွှတ်တော်ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ**အပါအဝင် အစီရင်ခံစာလေးခုနှင့် ဥပဒေကြမ်းသုံးခုတို့ကို ဖတ်ကြားခြင်း၊ အသိပေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော် **ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းကဖတ်ကြားရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် **အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်က အခွင့်ရေးကော်မတီအနေဖြင့် ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်စဉ် ကာလအတွင်း ကြုံတွေ့ရသည့် အခက်အခဲများကို ယခုထက် ဂရုစိုက်သင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်က အခွင့်အရေးကော်မတီ၏ အစီရင် ခံစာကို သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် **ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ အစီရင်ခံစာ**တို့ကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်ကဆက်လက်အတည်ပြုဆောင်ရွက်သင့်ကြောင်း ရှင်းလင်းတင်ပြ

နေပြည်တော် ဒီဇင်ဘာ ၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းနှစ်ခုကို ဖတ်ကြားတင်သွင်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်း၊ ပယ်ဖျက်ခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ရှင်းလင်းတင်ပြစဉ်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်က **ဘက်စုံပို့ဆောင်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့် ဘက်စုံပို့ဆောင်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည် ဤဥပဒေကို လက်တွေ့ကိုင်တွယ်ကျင့်သုံးရမည့် ဦးစီးဌာန၏ အမည်ဖော်ပြချက် မှန်ကန်မှုရှိစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြုစုရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီ၏ သဘောထား မှတ်ချက်အနေဖြင့် ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရန် ကြေညာသည်။

ယင်းသို့ အတည်ပြုရာတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ဖြည့်စွက်ပြင်ဆင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးခင်မောင်စိုးနှင့် ဦးဧယျာ အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ လက်ရှိအချိန်တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် စျေးကွက်စီးပွားရေးစနစ်ကို အခြေခံပြီး နိုင်ငံတော်ပိုင် အခန်းကဏ္ဍများအပြင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကအခန်းကဏ္ဍများကိုလည်း အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုလည်ပတ်ရသည့် စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်သစ်များတိုးတက်ဖြစ်ထွန်းလာခြင်း၊ တိုးမြင့်လာသောလူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးလာသော နည်းပညာများအရ လျှပ်စစ်ဓာတ်အားကို မြို့ရွာကျေးလက်ပါမကျန် အသုံးပြုမှု မြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံအဝန်းဖြန့်ဖြူးပေးနေသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းက စီမံချက်များ ရေးဆွဲတည်ဆောက်ခဲ့သည့် စက်ရုံများဖြစ်ပါကြောင်း၊ ယင်းစက်ရုံများမှထွက်ရှိလာသော ဓာတ်အားများကို ပို့လွှတ်ဖြန့်ဖြူးနိုင်ခြင်းကြောင့် မျက်မှောက်ကာလတွင် လျှပ်စစ်ဓာတ်အားများကို အကျိုးရှိစွာ အသုံးချနိုင်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာမည့် အနာဂတ်အတွက်လည်း ကြိုတင်၍ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး စီမံကိန်းများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် တိုးတက်လာစေရေးအတွက် ၂၀၁၀-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုးရုံမှ စက်တပ်ဆင်အင်အား ၆၂၆ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံ ၁၀ ရုံမှ စက်တပ်ဆင်အင်အား ၈၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ်တို့ကို တိုးချဲ့နိုင်ခဲ့ရာ စုစုပေါင်းစက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့ပါကြောင်း။

ဓာတ်အားပို့လွှတ်ရေး အပိုင်းတွင် ဓာတ်အားပို့လွှတ်ရေးလိုင်း စုစုပေါင်း ၁၃၅၄ ဒသမ ၉၃ မိုင်နှင့် ဓာတ်အားခွဲရုံ တပ်ဆင်အင်အား ၁၄၅၄ အမ်ဗီအေကို တိုးချဲ့တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ထို့ပြင် ဓာတ်အားဖြန့်ဖြူးရေး အပိုင်းတွင်လည်း မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၉၃၀၄ ရွာနှင့် အိမ်ထောင်စုပေါင်း ၃ ဒသမ ၅ သန်းမှာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ကြပြီ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၁၄၀၆ ဒသမ ၇၆ နှင့် တစ်ဦးချင်း သုံးစွဲမှုပမာဏမှာ တစ်နှစ်လျှင် ၂၂၂ ကီလိုဝပ်နာရီ ရှိလာပြီဖြစ်ပါကြောင်း။

စာမျက်နှာ ၉ သို့

RCC ကွန်ကရစ်ပင်မတမံ (ဓာတ်ပုံ - လျှပ်စစ်)

RCC ကွန်ကရစ်လုပ်ငန်းကို (၂၇.၁.၂၀၁၁)ရက်နေ့တွင် စတင်သွန်းလောင်းခဲ့ပြီး (၂၉.၁၂.၂၀၁၃)ရက်နေ့တွင် ပြီးစီးခဲ့သည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း တည်နေရာပြပုံ (ဓာတ်ပုံ - လျှပ်စစ်)



နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် (၂၆) မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိသည်။

စာမျက်နှာ ၈ မှ

နှစ်စဉ် တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးရန် ဓာတ်အားထုတ်လုပ်မှုအပိုင်း၌ ရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခုနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ သုံးရုံတို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၂၀၄၂ ဒသမ ၂ မဂ္ဂါဝပ်ကို လျာထားနှစ်ထက် ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

ထို့အတူ ၅၀၀ ကေဗွီဓာတ်အားလိုင်း တစ်လိုင်း ၁၄၆ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားလိုင်း ခုနစ်လိုင်း ၄၇၈ ဒသမ ၆၀၃ မိုင်၊ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၉ လိုင်း ၆၂၇ ဒသမ ၇၄ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ ၅၅၀ အမ်ဗွီအေ၊ ၁၃၂ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ ၆၀အမ်ဗွီအေနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ၂၉ ရုံ ၂၇၄ အမ်ဗွီအေတို့အား အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ရေဝပ်ဧရိယာမှ ကျေးရွာများရွှေ့ပြောင်းရေးအတွက် စုစုပေါင်းငွေကျပ် ၃၁ ဒသမ ၅၃၄ ဘီလီယံ အကုန်အကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာသစ်နေရာများအတွက် စိုက်ပျိုးမြေ ၈၂၉၇ ဧကခန့် ဖော်ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကျေးရွာသစ်နေရာအားမြို့သစ်အဖြစ် တည်ထားနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက်နှစ်လုံးမှ တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၅ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်မဟာဓာတ်အားကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်ပါကြောင်း။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက်နှစ်လုံးမှ တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၅ သန်းခန့်ကို နိုင်ငံတော်မဟာဓာတ်အားကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက အထက်ပေါင်းလောင်းစီမံကိန်းကြောင့် ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးခင်မောင်စိုးနှင့် ဦးဇေယျာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပင်မတမံရှုရပ်သို့သွားရောက်၍ အထက်ပေါင်းလောင်းပင်မတမံ၊ ရေယူအဆောက်အအုံနှင့် ရေဝပ်ဧရိယာတို့အား ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေလွှဲဥမင်၊ တမံအမျိုးစား၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ စက်ရုံရေထုတ်မြောင်း၊ ရေဝပ်ဧရိယာ ရွှေ့ပြောင်းကျေးရွာများအတွက် အကောင်အထည်ဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ကြီးဌာနအနေဖြင့် မြစ်ဝှမ်းများအလိုက် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်နှင့် ဆိုင်းငံ့ထားသည့် ရေအားလျှပ်စစ်စီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင် အကွာရှိ စစ်တောင်းမြစ်၏မြစ်လက်တက်ဖြစ်သည့် ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိသည်။

အဆိုပါတမံသည် ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၀၄၂၀၀ နှင့် စက်တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၅ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်မဟာဓာတ်အားကွန်ရက်သို့ ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းပေါ်တွင် ယခုဖွင့်လှစ်လိုက်သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခေပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်း၊ နန်ချိုရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း စသည့် စီမံကိန်း ၁၀ ခု တည်ဆောက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် စုစုပေါင်း ၈၃၀ မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ထို့ပြင် စစ်တောင်းမြစ်ဝှမ်းပေါ်တွင် ၁၀၀ မဂ္ဂါဝပ် ထွက်ရှိမည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၁၅၀ မဂ္ဂါဝပ်ထွက်ရှိမည့် သောက်ရေခပ် (၁)ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၀ မဂ္ဂါဝပ်ထွက်ရှိမည့် ဘောဂထရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော် ဓာတ်အားလိုအပ်ချက် ပင်မစီမံချက် (Master Plan) အရ ဓာတ်အားလိုအပ်ချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ၂၃၅၉ မဂ္ဂါဝပ်ဖြစ်ပြီး ၎င်းတွင် ရေအားလျှပ်စစ်ကဏ္ဍမှ စုစုပေါင်း ၈၉၆၅ မဂ္ဂါဝပ် ဆောင်ရွက်ရမည်ဖြစ်၍ အဆိုပါမဂ္ဂါဝပ် ပြည့်မီနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများတည်နေရာပြပုံ (ဓာတ်ပုံ - လျှပ်စစ်)

စဉ်	စက်ရုံအမည်	တပ်ဆင်အင်အား (MW)
၁။	ဘီလူးချောင်း အမှတ် (၂)	၁၆၈
၂။	ကင်းတား	၅၆
၃။	ဆည်တော်ကြီး	၂၅
၄။	ဘီလူးချောင်း အမှတ် (၁)	၂၈
၅။	ဓော်ဂျီ (၁)	၁၈
၆။	ဓော်ဂျီ (၂)	၁၂
၇။	ဓောင်းတူ	၂၀
၈။	သဖန်းဆိပ်	၃၀
၉။	မုန်း	၇၅
၁၀။	ပေါင်းလောင်း	၂၈၀
၁၁။	ရဲနွယ်	၂၅
၁၂။	ခေပေါင်း	၃၀
၁၃။	ကျိုင်းတောင်း	၅၄
၁၄။	ရွှေလီ (၁)	၆၀၀
၁၅။	ရဲရွာ	၇၉၀
၁၆။	တာဝိန် (၁)	၂၄၀
၁၇။	ရွှေကျင်	၇၅
၁၈။	ကြီးအုံကြီး၀	၇၄
၁၉။	ကွန်းချောင်း	၆၀
၂၀။	နန်ချိုး	၄၀
၂၁။	ချီဖွေငယ်	၉၉
၂၂။	သောက်ရေခပ် (၂)	၁၂၀
၂၃။	ဘီလူးချောင်း အမှတ် (၃)	၅၂
၂၄။	ဖြူး	၄၀
၂၅။	အထက်ပေါင်းလောင်း	၁၄၀
	စုစုပေါင်း	၃၁၅၁



နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထက်ပေါင်းလောင်းစီမံကိန်း

သတင်းစဉ်
(သတင်းအဖွဲ့)

"အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကြီးဟာ ချစ်ခြင်းရဲ့အလင်္ကာတွေနဲ့ အမှောင်ခွင်းမယ့် အလင်းရောင်တွေရဲ့ကဗျာ . . ." ဆိုသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ဂုဏ်ပြုသီဆိုသည့် တေးသံများက ဒီဇင်ဘာလ၏ နံနက်စောစော၌ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အနီးဝန်းကျင်နှင့် ရှမ်းတောင်တန်းတစ်ဝိုက်တွင် ပျံ့လွင့်နေသည်။

အဆိုပါစီမံကိန်းကြောင့် ပျဉ်းမနားတောင်ပေါ်ဒေသ၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အစပ်ဖြစ်သည့် တောင်ပေါ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး များစွာတိုးတက်ကောင်းမွန်လာမည် ဖြစ်သည့်အတွက် အေးချမ်းသည့်ဒဏ်ကိုမမှုဘဲ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ ပျော်ရွှင်နေကြသည့် အပြုံးကိုယ်စီ မျက်နှာတို့ကို တွေ့မြင်ရသည်။

တိုးမြင့်လာသော လူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးလာသော နည်းပညာများအရ လျှပ်စစ်ဓာတ်အားကို မြို့ရွာကျေးလက်မကျန် အသုံးပြုမှုမြင့်မားလာသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်မှုရှိနေသည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ရာနှုန်းပြည့် အပြည့်အဝသုံးစွဲနိုင်အောင် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီး ဖြစ်သည်။

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ၁၄၀ မဂ္ဂါဝပ်ထွက်ရှိသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် စီမံကိန်းဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာတို့၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-

ဦးဇော်မင်းစံ၊ တည်ဆောက်ရေး (၁) ဒုတိယ ညွှန်ကြားရေးမှူး

ဒီတမံကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဒုတိယမြောက် RCC ကွန်ကရစ်တမံကြီးဖြစ်ပါတယ်။ ပထမကွန်ကရစ်တမံကြီးကတော့ ရဲရွာစီမံကိန်းတမံဖြစ်ပါတယ်။ ဒါကတော့ ဒုတိယမြောက် စီမံကိန်းဖြစ်ပါတယ်။ RCC ကွန်ကရစ်တမံကြီးကို တည်ဆောက်ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် စနစ်တကျ အသေးစိတ် စီမံကွပ်ကဲပြီးတော့ စီမံဆောင်ရွက်ခဲ့လို့ အောင်မြင်ခဲ့ပါတယ်။

စီမံကိန်းရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ဓာတ်အားကွန်ရက်စနစ်မှာ လျှပ်စစ်ဓာတ်အား ပိုမိုရရှိနိုင်စေဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းဖြစ်ပေါ်လာပုံကတော့ ၁၉၇၄ ခုနှစ်ကတည်းက နော်ဝေအဖွဲ့ကနေ စတင်လေ့လာပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။ စီမံကိန်းပြီးသွားတဲ့အတွက် နိုင်ငံတော်ရဲ့ ဓာတ်အား ကွန်ရက်စနစ်ကို လျှပ်စစ်ဓာတ်အားယူနစ် သန်းပေါင်း ၄၅၄ သန်း တိုးမြင့်ထုတ်လုပ်နိုင်ပြီးတော့ ဒီဒေသပတ်ဝန်းကျင်ကိုလည်း လျှပ်စစ်ဓာတ်အားနဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဦးဝင်းဘို (ဖနောင်းရွာ)

ကျွန်တော်တို့ ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသမှာ ဒီရေအားလျှပ်စစ် စီမံကိန်းကို နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးတဲ့အတွက် တောင်ပေါ်နေကျေးလက်ဒေသအတွက် လျှပ်စစ်မီး ရရှိအောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အခွင့်အလမ်းတွေ ရရှိလာမယ်လို့လည်း ယုံကြည်ပါတယ်။

အခု ကျွန်တော်တို့နေတဲ့ သစ်တောစုမှာဆိုရင် မြေသားလမ်းရှိတယ်။ လမ်းအဆင့်မြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် တိုးပေးနိုင်မယ်ဆိုရင် စီးပွားရေးတွေ၊ လူမှုရေးတွေ ပိုပြီးတော့ တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်။

ဦးရဲထွန်း (ပင်ရဲကျေးရွာ)

ဒီစီမံကိန်းကြောင့် ကျွန်တော်တို့ ကျေးရွာတွေအတွက်ကတော့ လမ်းပန်းဆက်သွယ်ရေးတွေ အဓိကကောင်းမွန်လာပါတယ်။ အခြားအကျိုးကျေးဇူးတွေကတော့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ဆောက်လုပ်တဲ့အတွက် ဓာတ်အားတွေလည်း ပိုပြီးတော့ ထုတ်လုပ်နိုင်မယ်။ ရေကြီးရေလျှံမှုအတွက်လည်း အဓိကကာကွယ်ပေးပါတယ်။ ဒေသခံပြည်သူတစ်ဦးအနေနဲ့ စီမံကိန်းကြီး အောင်မြင်စွာ ပြီးမြောက်သွားတဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။

ဦးကျော်မြင့် (ပင်ရဲကျေးရွာ)

နိုင်ငံတော်အစိုးရက တောင်တန်းဒေသတွေမှာ လမ်းတွေဖောက်ပေးတယ်။ ရေအားလျှပ်စစ်စီမံကိန်းတွေလည်း လုပ်ဆောင်ပေးတဲ့အတွက် ဒေသခံပြည်သူတစ်ဦးအနေနဲ့ အတိုင်းထက်အလွန်ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မမြင်ဖူး၊ မတွေ့ဖူးတာတွေ တွေ့ရတယ်။

ဒီစီမံကိန်းမဖြစ်ပေါ်ခင်ကဆိုရင် ဆန်တစ်ထုပ်ရဖို့ မြို့ပေါ်ကို ခြေကျင်လျှောက်ပြီး ပခုံးထမ်းတွေနဲ့သွားရတယ်။ ဒီစီမံကိန်း အောင်မြင်သွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာလည်းရှိတယ်။ ကျွန်တော်တို့ တစ်ရွာလုံးကလည်း စိတ်ချမ်းသာပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာဆိုရင် အရင်တုန်းက တောင်းရွက်ပြီးအောက်ကိုဆင်းရတယ်။ အခုဆိုရင် ဆိုင်ကယ်နဲ့သွားလည်းရတယ်၊ ကားနဲ့သွားလည်းရတယ်။ အခု မီးပါရတော့မယ်ဆိုတော့ ဝမ်းသာစရာကောင်းပါတယ်။

အခုလို စီမံကိန်းကို အောင်မြင်အောင် တည်ဆောက်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို အများကြီးကျေးဇူးတင်ပါတယ်လို့ တစ်ရွာလုံးရဲ့ကိုယ်စားပြောချင်ပါတယ်။

ဦးသန်းဌေး (ဖယ်ခုံမြို့နယ်၊ တီကျစ်ကျေးရွာစု၊ ဆင်ကွင်းကျေးရွာ)

ကျွန်တော်တို့ဆီမှာ ဒီစီမံကိန်းတည်ဆောက်ပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးမှာဆိုရင် အရင်တုန်းက လူသွားလမ်းလောက်ပဲရှိပါတယ်။ အခုနောက်ပိုင်း စီမံကိန်းတည်ဆောက်တဲ့အချိန်ကျတော့ ကားလမ်းတွေ ပေါက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးအပိုင်းမှာ အများကြီး တိုးတက်လာတာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ကျေးရွာမှာ လွန်ခဲ့တဲ့သုံးလေးနှစ်လောက်က ဆိုလာပြားနဲ့ပဲ မီးထွန်းပါတယ်။ တစ်ဒေသလုံးရဲ့ တောင်းဆိုမှုကတော့ လျှပ်စစ်မီးရချင်ကြပါတယ်။ အထက်ပေါင်းလောင်းစီမံကိန်းမှာ တာဝန်ရှိတဲ့သူက လည်း လျှပ်စစ်မီးရအောင် လုပ်ပေးမယ်လို့ ပြောပါတယ်။ ဒေသခံတွေအားလုံးကတော့ ကိုယ့်အရပ်ဒေသကထွက်တဲ့ လျှပ်စစ်မီးမို့ ကိုယ့်ရပ်ရွာကို မီးလင်းစေချင်ပါတယ်။ ကျွန်တော်တို့ ဒေသအနေနဲ့ကတော့ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး အနီးစပ်ဆုံးဖြစ်တဲ့အတွက် ကျောက်ထုတ်လုပ်မှု ပမာဏတွေကလည်း ကျွန်တော်တို့ ဒေသကဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ကျွန်တော်တို့ ဒေသကို လည်း မီးလင်းအောင် လုပ်ပေးပါဦးလို့ တောင်းဆိုချင်ပါတယ်။

ဦးညွှန့်ဝင်း (ပင်လောင်းမြို့နယ်၊ ဟသံ်ကုန်း ကျေးရွာ)

အထက်ပေါင်းလောင်းစီမံကိန်း တည်ဆောက်တဲ့အခါမှာ ကျေးရွာ ၂၃ ရွာမှာ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့တဲ့အတွက် ရွှေ့ပြောင်းခဲ့ရပါတယ်။ ကျေးရွာတွေ ရွှေ့ပြောင်းရာမှာ နစ်မြုပ်လယ်ယာမြေတွေအတွက် ထောက်ပံ့ကြေးတွေပေးတယ်။ အစားထိုးလယ်ယာမြေတွေဖော်ထုတ်ပေးတယ်။ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း စတဲ့အများနဲ့ဆိုင်တဲ့ အဆောက်အအုံတွေ ဆောက်လုပ်ပေးတယ်။ ကျေးရွာချင်းဆက်လမ်းနဲ့ ကျေးရွာတွင်းလမ်းတွေ ဖောက်လုပ်ပေးတယ်။ ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးအတွက် အိမ်တိုင်းအိမ်သုံးမီတာတွေ တပ်ဆင်ပေးပါတယ်။

အခုဆိုရင် ကျွန်တော်တို့ ရွှေ့ပြောင်းကျေးရွာတွေဟာ ကျေးရွာချင်းဆက် လမ်းတွေကြောင့် နေပြည်တော်၊ ပျဉ်းမနားမြို့ကို သုံးနာရီခရီးသာသွားရပြီး ကျွန်တော်တို့ ဒေသထွက်သီးနှံတွေကို လွယ်ကူစွာ သယ်ယူရောင်းဝယ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျေးရွာအနှံ့ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ပြီဖြစ်တဲ့အတွက် အသေးစားစက်မှုထုတ်ကုန်တွေ ထုတ်လုပ်နိုင်ပြီး ဒေသဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက တောင်ပေါ်မြေပြန့် မခွဲခြားဘဲ မြို့ကြီးတွေအတွက်သာမက ကျေးလက်ဒေသတွေကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ဆောင်ရွက်ခဲ့တဲ့အတွက် တံတားသစ်ကြီးတွေ၊ တာတမံတွေ၊ ကားလမ်းသစ်တွေနဲ့ ပြည်သူတွေကို အလင်းရောင်ပေးမယ့် ရေအားလျှပ်စစ်စက်ရုံကြီးတွေ ပေါ်ထွန်းနေပြီဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော ခုံးကျော်တံတားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော ခုံးကျော်တံတားများနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးအဖွဲ့ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဦးကျော်စိုးက အမှာစကားပြောကြားပြီး ယာဉ်သွားလာမှု စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများက ယာဉ်ကြောရှင်းလင်းဆောင်ရွက်နေမှုအပိုင်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခုံးကျော်တံတားများ တည်ဆောက်နေမှုအပိုင်းနှင့်စပ်လျဉ်း၍ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားမှာ ၆၃ ရာခိုင်နှုန်း၊ တာမွေခုံးကျော်တံတားမှာ ၂၇ ရာခိုင်နှုန်း၊ ကုက္ကိုင်း ခုံးကျော်တံတားမှာ ၇၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၎င်းတို့၏လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ယူတည်ဆောက်နေသည့် သက်ဆိုင်ရာကုမ္ပဏီများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာသမားများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း လှည်းတန်းခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော်တံတား၊ ဘုရင့်နောင် ခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော်တံတားတို့ကို ကျပ် ၇၄ ဒသမ ၅၂၁ ဘီလီယံ အကုန် အကျခံကာ တည်ဆောက်ပြီးစီးခဲ့ပြီး ရှစ်မိုင်လမ်းဆုံ၊ တာမွေလမ်းဆုံနှင့် ကုက္ကိုင်းလမ်းဆုံတို့တွင်လည်း ခုံးကျော်တံတားများကို ထပ်မံတည်ဆောက်လျက်ရှိသည်။ **ဓော်ကြီး(ပဏီတ)**

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၉ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ပြောကြားမှု ကောက်နုတ်ချက်မှ "အကြံပြု တင်ပြချက်" စာပိုဒ်တွင် **"အခွန်ဝန်ထမ်း မိဘ ပြည်သူတွေအနေနဲ့"** အစား **"အခွန်ထမ်းမိဘ ပြည်သူတွေအနေနဲ့"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းအဖွဲ့**

စာအုပ်စာပေ လူမှုမိတ်ဆွေ

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၉ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ယနေ့နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင်အများအားဖြင့်သာယာမည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ၌ ပထမဆုံးအကောင်အထည်ဖော်မည့် စတော့အိတ်ချိန်းကို မြန်မာနိုင်ငံသားပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီခြောက်ခုဖြင့် စတင်ဆောင်ရွက်မည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ၌ ပထမဆုံးစတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် စတော့အိတ်ချိန်းကို ပြည်တွင်းကုမ္ပဏီခြောက်ခုဖြင့် လာမည့် ၂၀၁၆ ခုနှစ် မတ်လဆန်းပိုင်းတွင် စတင်ရောင်း၊ ဝယ်မှုများကို လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားအပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းတွင် တစ်ကြိမ်တစ်ခါမှ ပေါ်ပေါက်ခဲ့ခြင်းမရှိသေးသည့် စတော့အိတ်ချိန်းကို နံနက် ၉ နာရီက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ အမှတ် ၂၄/၂၆ (ယခင်မြဝတီဘဏ်ဟောင်း) နေရာတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါ ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Daiwa Institute of Research က ၃၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ Japan Exchange Group က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် ဖက်စပ်ကုမ္ပဏီဖြစ်ပြီး ကနဦး

ဒုတိယဝန်ကြီး
ဒေါက်တာမောင်မောင်သိမ်း

JPX Tokyo Stock Exchange မှ
CEO Mr. Koichiro Miyahara

စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီခြောက်ခုမှာ (1) First Myanmar Investment Company Limited ၊ (2) First Private Bank Limited ၊ (3) Great Hor Knam Public Company Limited ၊ (4) Myanmar Agribusiness Public Corporation Limited ၊ (5) Myanmar Citizens Bank Limited ၊ (6) Myanmar Thilawa SEZ Holdings Public Limited တို့ဖြင့် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ဟာ ကျွန်တော်တို့နိုင်ငံမှာ ပထမဦးဆုံး ရန်ကုန်စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်တဲ့နေ့ဖြစ်ပါတယ်။ စတင်ဖွင့်လှစ်တယ်ဆိုပေမယ့် အရည်အသွေးမြင့်ဖို့လိုပါတယ်။ ဒီနေ့ စတင်ဖွင့်လှစ်လိုက်တယ် ဆိုပေမယ့် လာမယ့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ကုန်ပိုင်း ဒါမှမဟုတ် မတ်လဆန်းပိုင်း လောက်မှ အရောင်း၊ အဝယ် စတင်လုပ်ဖြစ်ပါမယ်။ စတော့အိတ်ချိန်းဆိုတာက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တာဖြစ်ပါတယ်။ ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ မတည်ထွေ ၃၂ ဘီလီယံထည့်ဝင်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာနိုင်ငံသားပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖြင့်သာ

JPX Tokyo Stock Exchange မှ
CEO Mr. Koichiro Miyahara

စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီခြောက်ခုမှာ (1) First Myanmar Investment Company Limited ၊ (2) First Private Bank Limited ၊ (3) Great Hor Knam Public Company Limited ၊ (4) Myanmar Agribusiness Public Corporation Limited ၊ (5) Myanmar Citizens Bank Limited ၊ (6) Myanmar Thilawa SEZ Holdings Public Limited တို့ဖြင့် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ဟာ ကျွန်တော်တို့နိုင်ငံမှာ ပထမဦးဆုံး ရန်ကုန်စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်တဲ့နေ့ဖြစ်ပါတယ်။ စတင်ဖွင့်လှစ်တယ်ဆိုပေမယ့် အရည်အသွေးမြင့်ဖို့လိုပါတယ်။ ဒီနေ့ စတင်ဖွင့်လှစ်လိုက်တယ် ဆိုပေမယ့် လာမယ့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ကုန်ပိုင်း ဒါမှမဟုတ် မတ်လဆန်းပိုင်း လောက်မှ အရောင်း၊ အဝယ် စတင်လုပ်ဖြစ်ပါမယ်။ စတော့အိတ်ချိန်းဆိုတာက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တာဖြစ်ပါတယ်။ ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ စလုပ်နိုင်ခဲ့တယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံဆိုရင်လည်း ၁၉၇၅ ခုနှစ်ကတည်းက စလုပ်နိုင်ခဲ့တာဆိုတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ခုဟာ တော်တော် နောက်ကျနေပါပြီ။ ဒါပေမယ့် အခုလို နောက်ကျတယ်ဆိုတာ ကောင်းတယ်လို့ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ အရင်စတင်လုပ်ဆောင်နေတဲ့ နိုင်ငံတွေက ကောင်းတဲ့အချက်တွေကို အတုယူပြီး လွဲမှားတဲ့အချက်လေးတွေကို ပြုပြင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ စတော့အိတ်ချိန်းကို နိုင်ငံတကာစီးပွားရေး လုပ်ငန်းရှင်တွေက တော်တော်လေး စိတ်ဝင်စားနေကြတာကို တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံက အခု ပထမဦးဆုံးဆိုပေမယ့် ကုမ္ပဏီခြောက်ခုနဲ့ စနိုင်ခဲ့တာပါ" ဟု ဖွင့်ပွဲအခမ်းအနားအပြီး မီဒီယာရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်လိုက်သည့် စတော့အိတ်ချိန်းသည် စတော့များ၊ ရှယ်ယာများ စသည့် ငွေချေးသက်သေခံလက်မှတ်များကို အရောင်းအဝယ်ပြုရာ စျေးကွက်ဖြစ်သည်။ အရင်းအနှီးလိုအပ်သော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများက ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့်ဆက်သွယ်၍ ရောင်းချသည့် အစုရှယ်ယာများကို အများပြည်သူ ရင်းနှီးမြှုပ်နှံသူများက ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်မည့် စျေးကွက်ဖြစ်သည်။ သို့မို့ကြောင့် ပဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် လိုအပ်သော ကာလရှည် အရင်းအနှီးများကို အရင်းအနှီး စျေးကွက်မှတစ်ဆင့် စုစည်းရယူနိုင်ရန်အတွက် အရင်းအနှီး စျေးကွက်၏ ကနဦးစျေးကွက်ဖြစ်သော ရန်ကုန်စတော့အိတ်ချိန်းကို စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ စီးပွားရေးက တောက်ပတဲ့ အနာဂတ်ရှိပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးက အတော်လေးကို တိုးတက်လာတယ်။ အခုလို ပြောင်းလဲတိုးတက်တဲ့ အနေအထားမှာ ရန်ကုန်စတော့အိတ်ချိန်းဖွင့်လိုက်တာဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို တစ်တပ်တစ်အားအနေနဲ့ ထောက်ပံ့တဲ့နေရာမှာ အများကြီး ခွန်အားဖြစ်စေမှာ ဖြစ်တယ်။ ကျွန်တော်တို့ ဂျပန်နိုင်ငံရဲ့ JPX အနေနဲ့ ဒီအပေါ်မှာ လိုအပ်တဲ့ သင်တန်းတွေ လုပ်ပေးနိုင်တယ်။ လိုအပ်တာကိုလည်း ကူညီသွားမှာ ဖြစ်တယ်။ အခုလိုတွေ လုပ်ပေးမယ်ဆိုတာဟာ အစုရှယ်ယာတစ်ဦးအနေနဲ့မဟုတ်ဘဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းပါဝင်တာ ဖြစ်ပါတယ်" ဟု JPX Tokyo Stock Exchange မှ CEO Mr. Koichiro Miyahara က ယနေ့ ဖွင့်လှစ်လိုက်သည့် ရန်ကုန်စတော့အိတ်ချိန်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

ယခုလတ်တလောဘ၌ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အနေဖြင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၁၀ ခုဖြစ်သည့် KBZ starling Colemn Securities ၊ KTZ Ruby hill Securities ၊ CB Securities ၊ ATS Securities ၊ Aya Trust Securities ၊ Union trust Securities ၊ Expert Investment Securities ၊ အောင်မြင့်မိုရ်မင်း Securities ၊ Excel Capital Securities ၊ Myanmar Exchange Center Securities တို့ကို ပဏာမ ရွေးချယ်ထားပြီး အဆိုပါ ၁၀ ခုထဲမှ KBZ starling Colemn Securities တစ်ခုတည်းသာ လတ်တလော ဆန်ခါတင်ရွေးချယ်ထားပြီး ကျန်ရှိသည့် အဆိုပါကုမ္ပဏီကိုးခုကိုလည်း ဆက်လက် ရွေးချယ်စိစစ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်နေစဉ်။

စတော့အိတ်ချိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်လိုက်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာနှင့်ထိုင်းတို့ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် KTZ Ruby Hz 11 Securities Co.,Ltd. ၏ လုပ်ငန်းစဉ်များ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၈ ရက် ညပိုင်းက မရမ်းကုန်းမြို့နယ်ရှိ ဦးထွန်းပြိမ်းလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ထိုင်းနိုင်ငံမှ KTZ Mico Securities Co.,Ltd. CEO Mr. khun chaipatr Srivisarvacha က အမှာစကားပြောကြားပြီး ကုမ္ပဏီ၏ လုပ်ငန်းစဉ်များကို ပရိုဂျက်တာဖြင့်

ပြသသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Plsanu Suvanajata က အမှာစကားပြောကြားပြီး Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှတ်တရလက်ဆောင်ပေးအပ်သည်။ **(အပေါ်ပုံ)**

ရန်ကုန် စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံသားများအတွက် စီးပွားရေး အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းကို ကုမ္ပဏီအများစုဖြင့် စတင်မည်ဖြစ်ပြီး KTZRH ကုမ္ပဏီလည်း အပါအဝင်ဖြစ်သည်။ "စတော့အိတ်ချိန်းဆိုတာ နိုင်ငံတကာမှာ လုပ်ကိုင်နေတာကြာပြီဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ အခုမှ လုပ်ဆောင်ရမှာပါ။ နိုင်ငံတကာမှာ စတော့အိတ်ချိန်းမရှိတာဟာ နိုင်ငံအနည်းငယ်ပဲ ရှိပါတော့တယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံသူ၊ နိုင်ငံသား အကျိုးရှိစေဖို့ ထိုင်းကုမ္ပဏီနဲ့ပူးပေါင်း ဆောင်ရွက်မှာပါ။ ကျွန်တော်တို့က စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံမရှိသေးတာကြောင့် လောလောဆယ်တော့ ငွေကြေးစိုက်ထုတ်ပြီး လုပ်ဆောင်မှာပါ။ သူတို့ဆီက လုပ်ပုံကိုင်ပုံ၊ နည်းလမ်းတွေကို လေ့လာသွားမှာပါ။ ဒီမှာက စတော့အိတ်ချိန်းနဲ့ပတ်သက်ပြီး သိရှိတာ နည်းသေးတဲ့အတွက် အသေးစိတ်ကအစ ရှင်းပြသွားမှာပါ။ နိုင်ငံအတွက် ကောင်းမွန်တဲ့လက္ခဏာဖြစ်ပြီး စီးပွားရေးအခြေအနေလည်း ပိုတိုးတက်လာနိုင်ပါတယ်"ဟု Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ရှင်းလင်းပြောကြားခဲ့သည်။ **ဖိုးသော်ဇင်**

ရန်ကုန်-မာန်အောင် လေယာဉ်ခရီးစဉ်သစ်ပြေးဆွဲမည်

ရန်ကုန် ဒီဇင်ဘာ ၉

ရေကြောင်းခရီးကိုသာ အဓိကသွားလာနေရသော ရခိုင်ပြည်နယ် မာန်အောင်သို့ ဒေသခံပြည်သူများ အလွယ်တကူသွားလာနိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းက Grand Cararan Cessna လေယာဉ်သစ်ဖြင့် ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-စစ်တွေ၊ ကျောက်ဖြူ-မာန်အောင်-ရန်ကုန်ခရီးစဉ်ကို ဒီဇင်ဘာ ၂၅ ရက်တွင် စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခရီးစဉ်ကို အပတ်စဉ်တနလာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲသွားမည်ဖြစ်ကာ ပင်လယ်ကမ်းခြေ၏ သဘာဝအလှတရားများကို ခံစားကြည့်ရှုလိုသူများသည် စင်းလုံးဌားခရီးစဉ်များကိုပါ ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

ဘဏ်လားပင်လယ်အော်အခြေအနေ **နေပြည်တော် ဒီဇင်ဘာ ၉** ဘဏ်လားပင်လယ်အော်အခြေအနေမှာ ဘဏ်လားပင်လယ်အော်မြောက်ပိုင်း၌ အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘဏ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြေတူးမြေကော်ယာဉ်များ သယ်ဆောင်မှုကြောင့် ရေကြောင်းနှင့် လမ်းတံတားများ ပိုမိုပျက်စီးရ

ကသာ ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တောင်ဘက် နှစ်မိုင်ခန့် အကွာ အောင်ချမ်းသာကျေးရွာအနီးရှိ မြစ်ဆိပ်ကမ်းတွင် ဧရာဝတီမြစ်ကြောင်းမှ တွဲရေယာဉ် တွန်းသင်္ဘောကြီးများဖြင့် ဘက်ဟိုးယာဉ်များကို တန်ပိုတင်ဆောင်၍ ဝင်ရောက်လျက်ရှိရာ ရေယာဉ်များသွားလာရေး အခက်အခဲဖြစ်နိုင်ကြောင်း ရေယာဉ်မောင်းသူများထံမှ သိရသည်။

အဆိုပါယာဉ်များကို နိုဝင်ဘာ ၂၃ ရက်က ဖြိုး(၁)၊ မြသတိုး-၃ တွန်း C/B သင်္ဘောဖြင့် သယ်ဆောင်လာသည့် ကျောက်မျက်ကုမ္ဏီများက မြေတူးယာဉ် ခြောက်စီးကို ကသာ-မိုးညှင်း ဇီးကုန်းလမ်းခွဲ ညောင်ပင်-ဝှေခါ-ဆိပ်မူ ဖားကန့်လမ်းကြောင်းအတိုင်း မှော်စီစာ အကျိုးတူ (၉) လုပ်ကွက်သို့လည်းကောင်း၊ ဘက်ဟိုးယာဉ် ၆၃ စီးကို ရန်ကုန်ဆိပ်ကမ်းမှ ကသာမြို့အောက်ဘက် အောင်ချမ်းသာကျေးရွာမှတစ်ဆင့် နန်ရေတွင်း ကျေးရွာနှင့် ပင်းမလွတ်ကျေးရွာချင်းဆက် လမ်းမကြီးပေါ်ဖြတ်ကျော်ကာ နောက်တွဲယာဉ်ကြီးများဖြင့်တင်ဆောင်၍ နန့်စီးအောင်-မိုးညှင်း-မိုးကောင်း လမ်းကြောင်းသို့လည်းကောင်း ပို့ဆောင်လျက်ရှိနေကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးတက်ရေးအတွက် ရေလမ်းကြောင်းကောင်းမွန်အောင် စီမံချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ မြစ်ရေဆင်းကျချိန်တွင် တန်ပိုတင်ဆောင်မှုများကြောင့် သဲသောင်ဖြစ်ထွန်းမှုကို ပိုမိုမြင့်မားလာနိုင်ကြောင်း ရေယာဉ်မောင်းသူတစ်ဦးက ပြောသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်ရန်အတွက် ဖားကန့်ဒေသ၌ စက်ယန္တရားကြီးများနှင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းသင့်ကြောင်း၊ ယခုအခါ စွန့်ပစ်မြေစာများကြောင့် ဥရုချောင်း ကြမ်းပြင်မြင့်တက်သွားကာ ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်ပြီး လူနှင့်တိရစ္ဆာန်တို့နေထိုင်ရာ ဂေဟစနစ်ကို ထိခိုက်လာခြင်းများ ကြုံတွေ့နေရကြောင်း၊ လမ်းတံတားများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် ဘက်ဟိုးယာဉ်များအသုံးပြုမှုနှင့် သယ်ဆောင်မှုကို ကန့်သတ်ထိန်းချုပ်ရန် လိုအပ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ငွေအိုး(ကသာ)

နိုင်ငံတကာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့ အခါသမယတွင် ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ဒီဇင်ဘာ ၁၀ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၁၆/၂၀၁၅)ကို ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ (၃၁) မြို့နယ်တွင်လည်းကောင်း၊ နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင်လည်းကောင်း ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဖွင့်လှစ်သော သင်တန်း ၂၃ ခုတွင် လူ့အခွင့်အရေး ဘာသာရပ်များ ပို့ချခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာအပြင် ကချင်၊ မွန်နှင့် ရှမ်း တိုင်းရင်းသားဘာသာစကားများဖြင့် ပြန်ဆိုဖော်ပြ၍ ဖြန့်ဝေခြင်း၊ ၎င်းစာတမ်း အပိုဒ်(၂၆)ပါ ပညာသင်ကြားပိုင်ခွင့်နှင့် ပတ်သက်၍ ရှုပ်မြင်သံကြားဇာတ်လမ်းတို ရိုက်ကူးထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ထို့အပြင် လူ့အခွင့်အရေးကာကွယ်ရေးဆိုင်ရာ တိုင်ကြားစာပေါင်း ၁၂၀၀ ကျော် လက်ခံရရှိမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊ တိုင်စာအချို့နှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အကျဉ်းထောင်နှင့် အလုပ်စခန်းများ၊ အချုပ်ခန်းများအား စစ်ဆေးခြင်းနှင့် အကြံပြုချက်များထုတ်ပြန်ခြင်း၊ လူ့အခွင့်အရေးဘာသာရပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို UN Women အဖွဲ့နှင့် ပူးပေါင်းကျင်းပခြင်း၊ အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)နှင့် အာရှ-ပစိဖိတ်ဒေသ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) စသည့် ဒေသအဆင့် ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကော်မရှင်ဥက္ကဋ္ဌသည် မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသည့် (APF)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မလေးရှားနိုင်ငံတွင်ကျင်းပသည့် (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) နှစ်ပတ်လည်အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ ၂၀၁၆ ခုနှစ် အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံထံမှ လွှဲပြောင်းရယူခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်းခြောက်ဦးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်း ၁၅ ဦးတို့သည် အပြန်အလှန် သွားရောက်လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေတွင် ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားရှိပြီး ထုတ်ပြန်ချက်အပြည့်အစုံကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဝက်ဆိုက်ဘ် www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဘို-မြစ်ကြီးနားလမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်

ကောလင်း ဒီဇင်ဘာ ၉

ကောလင်းမြို့နယ်နှင့် ထီးချိုင့်မြို့နယ်အတွင်းရှိ ရွှေဘို- မြစ်ကြီးနားလမ်းပိုင်းကို ၂၀၁၅- ၂၀၁၆အတွင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ပြီးစီးနေပြီဖြစ်ကြောင်း၊ ရွှေဘို- မြစ်ကြီးနားလမ်းသည် နေ့စဉ် လိုင်းကားများ၊ ကုန်တင်ယာဉ်များ နေ့ညမရွှေ့သွားလာလျက်ရှိရာ လမ်းဖြစ်သည်။ ယခုအခါ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး၍ ယာဉ်မောင်းသူများအနေဖြင့် အဆိုပါလမ်းပိုင်းတွင် ယာဉ်မောင်းချိန်လျော့နည်းသွားပြီး စက်သုံးဆီကုန်ကျမှုသက်သာသွားကြောင်း သိရသည်။ ကောလင်း-ကသာ ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ယခင်က ကသာမြို့မှ ကောလင်းမြို့သို့ ယာဉ်မောင်းချိန် သုံးနာရီခွဲခန့်ကြာရာမှ ယခုအခါ နှစ်နာရီခွဲခန့်သာကြာကြောင်း သိရသည်။

ကိုကိုမောင်(ကောလင်း)

ခါးပတ်ကျေးရွာတွင် စက်ရေတွင်းတူးဖော်

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၉

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရယူသုံးစွဲနိုင်စေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာတွင် လေးလက်မ စက်ရေတွင်းတစ်တွင်း တူးဖော်ခဲ့ကြောင်းသိရပြီး ရေထွက်ရှိမှုအခြေအနေများကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းကို ၂၀၁၅- ၂၀၁၆ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သန်းဖြင့် စက်တင်ဘာ ၉ ရက်က စတင်တူးဖော်ခဲ့ရာ အနက်ပေ ၄၀၀ တွင် ရေချိုထွက်ရှိခဲ့ပြီး ရေထွက်နှုန်းမှာ တစ်နာရီလျှင်ရေဂါလန် ၁၂၀၀ ထွက်ရှိကြောင်း သိရသည်။ ယခုအခါ ရေစက်ရုံနှင့်ရေလှောင်ကန် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ အိမ်ခြေ ၃၈၈ အိမ်ရှိသော ခါးပတ်ကျေးရွာ နေ လူဦးရေ ၁၅၀၈ ဦးတို့မှာ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ကသာမြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများ အမြတ်အစွန်းများလာနိုင်

ကသာ ဒီဇင်ဘာ ၉

ကသာမြို့နယ်တွင် နှမ်းကြီး၊ နှမ်းလတ်၊ နှမ်းယင်းများပိုမိုစိုက်ပျိုးလာသောကြောင့် အထွက်နှုန်းကောင်းလာခဲ့သည်။ ထို့ကြောင့် နှမ်းဈေးကွက်တွင်ကျယ်လာကာ နှမ်းစိုက်ပျိုးတောင်သူများ ပိုမိုအမြတ်အစွန်းရရှိလာနိုင်မည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

"ယခုနှမ်းစိုက်သူတိုင်း နှမ်းဧကပေါ်မူတည်ပြီး အကျိုးအမြတ်ရကြလိမ့်မယ်လို့ထင်တယ်၊ နှမ်းစစိုက်တဲ့အချိန်မှာ မိုးရွာသွန်းခဲ့တာကြောင့် နှမ်းပင်များဖြစ်ထွန်းလာခဲ့ပြီး ယခုနှမ်းစိုက်ပျိုးသူတိုင်း နှမ်းဈေးကွက်ကောင်းလာရေးကို မျှော်လင့်နေတယ်"ဟု တောင်သူဦးကြီးများထံမှ သိရသည်။

ထိုပြင် ကသာမြို့နယ်အတွင်းရှိ နှမ်းစိုက်ပျိုးတောင်သူများထံသို့ နှမ်းပွဲရုံလုပ်ငန်းရှင်ကုန်သည်များက တိုက်ရိုက်ငွေပေးချေးစနစ်ဖြင့် နှမ်းမည်း တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀၊ နှမ်းယင်းတစ်တင်း ငွေကျပ် ၅၃၀၀၀ စျေးဖြင့် အဝယ်လိုက်လာသောကြောင့် ယခုနှစ် နှမ်းစိုက်ပျိုးတောင်သူများ အမြတ်အစွန်းရှိလာနိုင်ကြောင်း သိရသည်။

ငွေအိုး (ကသာ)

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက် ရှိပါသည်။

စျေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကိုစျေးများ၊ ကျောင်းမုန့်စျေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သောအစားအသောက်များ၌ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန် မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါကအမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ၂၈(က) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

(သတင်းစဉ်)

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	တွေ့ရှိချက်
၁။	ငရုတ်ဆီ	Five Star	**အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ**
၂။	ငရုတ်ဆီ	ဟိန်းကြွယ်	**အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ**
၃။	မက်မန်းသီး(အသေး)	ချစ်ကလေး	**အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ**
၄။	ငရုတ်ဆီ	ထူးရှယ်(ရေနဂါး)	Orange II **(ခွင့်မပြုဆိုးဆေး)**
၅။	မျှင်ငါးပိ	မော်လီစိန်	Rhodamine B **(ခွင့်မပြုဆိုးဆေး)**
၆။	ငရုတ်သီးမှုန့်	ပြည့်စုံ	Sudan III **(ခွင့်မပြုဆိုးဆေး)**
၇။	ရောင်စုံတုတ်ထိုးချိုချဉ်	Social	Rhodamine B **(ခွင့်မပြုဆိုးဆေး)**
၈။	တုတ်ထိုးချိုချဉ်/စုပ်ပြား (လိမ္မော်ရောင်)	မပါရှိပါ	Rhodamine B **(ခွင့်မပြုဆိုးဆေး)**

ကျန်းမာရေးဝန်ကြီးဌာန

အင်ကြင်းကန်သံလမ်းကူးတွင် ရထားနှင့်ကားတိုက်မှုဖြစ်ပွား

ရမည်းသင်း၊ ဒီဇင်ဘာ ၉

ဒီဇင်ဘာ ၇ ရက် ည ၉ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း အင်ကြင်းကန်ရွာ သံလမ်းကူးတွင် ရထားနှင့်ကားတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကား လမ်းဟောင်းအတိုင်း မြောက်မှတောင်သို့ စိုးလင်း(၂၂ နှစ်) မိုးကုတ်မြို့အရှေ့ပိုင်းနေသူမောင်းနှင်လာပြီး မျိုးမင်းထွေး(၃၄ နှစ်) ဆင်ဖြူကျွန်း မြို့နယ်နေသူ လိုက်ပါလာသော 4K/... တိုယိုတာမတ်တူးယာဉ်သည် အရှိန်ဖြင့်မောင်းနှင်လာပြီးပိတ်ထားသော သံလမ်းတံခါးကို ဝင်ရောက်တိုက်မိကာ ရထားလမ်းပေါ်၌ ကားမှာ ရပ်တန့်သွားသည်။

ထိုသို့ဖြစ်ပွားစဉ် ရထားစက်ခေါင်းမောင်း ဦးယဉ်မော်ဦး(၅၀ နှစ်) မောင်းနှင်လာသော မန္တလေး-ရန်ကုန် အမှတ်(၄)အစုန် စက်ခေါင်းအမှတ် DF 1359 ရထားက ဥသြဆွဲမောင်းနှင်လာပြီး ရပ်တန့်နေသော ကားနောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့သည်။ တာဝန်ရှိသူများ စစ်ဆေးချက်အရ ပျက်စီးမှုအနည်းငယ်သာဖြစ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အတ်ကလေး(ရမည်းသင်း)

မြိတ်မြို့နယ် ရွှေပေးကျေးရွာ၌ အုတ်ဖုတ်ရန် ရွှံ့မြေတူးရာမှ ဗုံးသီးများတွေ့ရှိ

မြိတ် ဒီဇင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာနှင့် တစ်မိုင်ခန့်အကွာအဝေးရှိ အုတ်ဖုတ်လုပ်ငန်းခွင်၌ ဒီဇင်ဘာ ၈ ရက် နံနက် ၁၁ နာရီခွဲက အုတ်ဖုတ်ရန် ရွှံ့မြေတူးရာမှ ဗုံးသီးဟောင်းများနှင့် လက်လုပ်သေနတ်တစ်လက်တို့ကို တွေ့ရှိခဲ့ကြောင်း ကျွဲကူးရဲစခန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာအဝေးရှိ ဒေါ်အင်စိုးပိုင်ဆိုင်သော မြေကွက်အတွင်းရှိ နှစ်ကေခွဲခန့်ကို ဦးထွန်းထွန်း(၅၂ နှစ်) မြိတ်မြို့နေသူက ဌားရမ်းကာ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၈ ရက် နံနက်၁၁ နာရီခွဲက အုတ်ဖုတ်လုပ်သားများဖြစ်သော ရဲမင်း (၁၇ နှစ်)ရွှေပေးကျေးရွာ မြိတ်မြို့၊ စိုးဦး(၃၀ နှစ်) ရှမ်းချောင်းရပ်ကွက် မြိတ်မြို့၊ ဇင်ကို(၂၁ နှစ်) ရွှေပေးကျေးရွာ မြိတ်မြို့နှင့် သက်ကျော် (၃၁နှစ်)စပ်စုရပ် ဘိုကလေးမြို့ ဧရာဝတီတိုင်း ဒေသကြီးနေသူတို့က မြေနေရာအနက် သုံးပေခန့်တွင် အုတ်ဖုတ်ရန် ရွှံ့တူးစဉ်သံတူရွင်းဖြင့် ဆာလာအိတ် အဟောင်း တစ်လုံးအားထိုးမိသဖြင့် တူးဖော်ကြည့်ရာ အဖြူရောင်အိတ် အတွင်းမှ လက်ပစ်ဗုံးအဟောင်း နှစ်လုံးနှင့် ၆၀မမ (BA 82)စိန်ပြောင်း ခွင်းဗုံးသုံးလုံးတို့အားတွေ့ရှိ၍ ကျွဲကူးရဲကင်းစခန်းမှတစ်ဆင့် နယ်မြေခံတပ်သို့ အကြောင်းကြားခဲ့သည်။

အဆိုပါ ဗုံးသီးများ တွေ့ရှိမှုနှင့် ပတ်သက်၍ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် နယ်မြေခံတပ်က ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပါကင် အသေးတစ်ထုပ်နှင့် အကြီးသုံးထုပ် တွေ့ရှိရကြောင်း။

အဆိုပါ အထုပ်များအတွင်း BA81 လက်ပစ်ဗုံးအဟောင်းနှစ်လုံး (စနက်တံပါ) နှင့် ၆၀ မမ (BA82)စိန်ပြောင်းခွင်းဗုံး ဗုံးသုံးလုံး အပါအဝင် ၆၀ မမ (BA82) စိန်ပြောင်းခွင်းဗုံး အလုံး ၂၀၊ လုပ်သေနတ်အတိုတစ်လက်(သံချေးတက်ပျက်စီး)၊ BA81 လက်ပစ်ဗုံး အဟောင်းနှစ်လုံး (စနက်တံပါ) တို့ကို အကူယမ်းထုပ်များနှင့်အတူ တွေ့ရှိခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၇၁၊ ကွင်းအမည် ကျောင်းကန်အရှေ့ကွင်း၊ ဦးပိုင်အမှတ် ၁၈၊ ဧရိယာ ၁ ဒသမ ၈၄ ဧကအကျယ်ရှိ ဦးဓင်းဇေယျာလှိုင် အမည်ပေါက်နှစ် ၉၀ မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ အရှေ့ဘက် ''နေလ'' အိမ်ရာစီမံကိန်း၏ လူနေအိမ်ရာမြေကွက်အမှတ် ၅ ဟုခေါ်တွင်သည့် အကျယ်အဝန်းပေ(၄၀×၆၀) ၀ ဒသမ ၀၅ ဧက အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူလက်ရှိ ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်တင်နွယ်ဝင်း ၁၂/အလန(နိုင်)၀၁၁၀၀၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းပပ LL.B, D.L.P. WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်-၃၉၄၁၈)
အမှတ် ၅၀(မြေညီထပ်)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၈၄၂၃၁၊ ၀၉-၈၆၁၄၅၂၃၁၊ ၀၉-၇၈၅၁၈၄၂၃၀၊ ၀၁-၂၄၂၇၁၅

CLAIMS DAY NOTICE
MV. HOEGH CHENNAI VOY:NO(19)

Consignees of cargo carried by **MV.HOEGH CHENNAI** VOY:NO(19) are here by notified that the vessel will arrive on about **13-12-2015** and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး

●တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကတ္တူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ ဒေအင်ပန်: (၄)ရက်။
ဆက်၍–လွှိုင်ကော်တောင်ကွဲဧရေ၊ ထီးပွင့်ကန်ပါ (၆)ရက်။● မန္တလေး၊ စစ်ကိုင်း၊ ပုံရွာ၊ မြင်ဦးလွှင် (၄)ရက်။
●မြေပတီ၊ ပဲခူးတော်၊ ကျောက်ကလာပ်၊ ကောဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဘုရင်ညီဂူ (၃)ရက်။(ဝိုးဆော်ကားနှင့်မြေတီတည်းခိုပြီး)
●ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပဒုတ္တရာ သီဟိုဠ်ရှင်(၄)ရက်။●ထားဝယ်ရှင်ကိုးရှင်း၊ ပေါင်းမကန်၊ ကျိုကွမီ၊ စက်ခဲ(၅)ရက်–
ဆက်၍–မြိတ်(ဘိတ်)ပါ (၇)ရက်။● မန္တလေး၊ စစ်ကိုင်း:ဘုရားစုံဂူးနှင့် ကျောက်စိမ်းဇေတီ(၁)ညအိပ် (အဃတ်ရည်–သောကြာ)
●မော်လမြိုင်၊ကျိုကြွမီ၊စက်ခဲ(၂)ရက်–ကျိုက်ထီးရိုး:ပါ(၃)ရက်။ ကျိုက်ထီးရိုး:(ဒနေ့ဝ)် 01-391577
အမှတ်(၄၂)၊လမ်းမတော်လမ်း။ မြို့မဇေ္ဈအနောက်၊သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ပန်းဆိုးတန်းလမ်း(အထက်)၊ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုတ္တရမ်လမ်း။ ကျောက်မြောင်းရေး။ တာမွေမြို့နယ်။09-254821597

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (ဒေဝဥ်-နံနက်/ည)
▲ အလောင်းတော်ကသဖ၊ မုံရွာအနှံ့၊ စစ်ကိုင်း(သီးသန့်) ဆက်၍– မန္တလေး၊ မြင်ဦးလွှင်အနှံ့
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ့်စမ်းလှိုက်ဂူ
▲ ဆက်၍–(မန္တလေး၊ မြင်ဦးလွှင်၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပဒုတ္တရာ သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပဒုတ္တရာ၊ မန္တလေး၊ မြင်ဦးလွှင်၊ ကျောက်စိမ်းဘုရား
▲ ကျိုကွမီ၊ မော်လမြိုင်၊ စက်ခဲ၊ နွားလေပို့တောင်–(ထားဝယ်ရှင်ကိုးရှင်း၊ ပေါင်းမကန်)
▲ (သာမည–မြေတီ–ဗဟောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)
ပန်းဆိုးတန်း: 01-240860/01-372290 ဒေါ်ပို 09-49282825 ကစားကွက် 09421029191

အားလုံးကြိုဆိုပါ

လှိုင်သာယာ ပစ်တိုးရိုးယားကုန်တိုက်ပိတ်သိမ်း၊ အလုပ်သမား ၁၉၆ ဦးအား နစ်နာကြေးထုတ်ပေး

ရန်ကုန် ဒီဇင်ဘာ ၉

လှိုင်သာယာ စက်မှုဇုန် ပစ်တိုးရိုးယားကုန်တိုက်မှ အလုပ်သမား ၁၉۶ ဦး အား လုပ်ခကျန်ငွေ၊ လုပ်သက်ခွင့်ကြေးနှင့် ခြောက်လ အထက် အလုပ်သမားများအား နှစ်အလိုက် နစ်နာကြေးတို့ကို ဒီဇင်ဘာ ၉ ရက် နံက် ၁၀ နာရိက နဝေးရှေ့ဟောက်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားဆက်ဆံရေး ဦးစီးဌာနရုံးခ်ုပ် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"အလုပ်သမား ၂၂၅ ဦးမှာ ၂၉ ဦးက ခြောက်လအောက် အလုပ်သမားတွေဖြစ်တဲ့အတွက် ဥပဒေအရ လုပ်ခကျန်ငွေပဲရပြီး နစ်နာကြေး မရပါဘူး။ နှစ်ဦးနှစ်ဖက် မနစ်နာရအောင် ၂၀၁၁ ခုနှစ် အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ လုပ်ငန်းပိတ်သိမ်းရင် အလုပ်သမားကို နစ်နာကြေးပေးပြီးမှသာ ပိတ်သိမ်းရမှာဖြစ်တဲ့အတွက် ပစ်တိုးရိုးယားကုန်တိုက်က အလုပ်သမားတွေကို နစ်နာကြေးပေးရတာပါ"ဟု အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင့်နိုင်က ပြောသည်။

ပစ်တိုးရိုးယားကုန်တိုက် ဖွင့်လှစ်သည်မှာ ရှစ်နှစ်ခန့်ရှိပြီဖြစ်ပြီး ခြောက်လမှ တစ်နှစ်အထိ လုပ်သက်ရှိသူကို ငွေကျပ် ၃၆၀၀ မူရင်းလစာ တစ်ဝက်ကိုလည်းကောင်း၊ နှစ်နှစ်မပြည့်သူအား တစ်လစာကိုလည်းကောင်း၊ သုံးနှစ်ပြည့်သူအား တစ်လခွဲ လစာကိုလည်းကောင်း၊ လေးနှစ်ပြည့်သူအား သုံးလစာကို လည်းကောင်း၊ ခြောက်နှစ်မပြည့်သောသူအား လေးလစာကိုလည်းကောင်း၊ ရှစ်နှစ်မပြည့်သူအား ငါးလစာကို လည်းကောင်း၊ နစ်နာကြေးများ ပေးအပ်ခဲ့ကြောင်း ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။

"ကုန်တိုက်မှာ နို့တစ်စာကို နိုဝင်ဘာ ၉ ရက်မှာ ကပ်ပြီးတော့ ဒီဇင်ဘာ ၉ ရက်မှ ကုန်တိုက်ပိတ်မယ်လို့ပြောတယ်။ နံနက် ၉ နာရီကနေ ည ၉ နာရီ အလုပ်ဆင်းရတယ်။ ငွေကျပ် ၃۶၀၀ သတ်မှတ်တဲ့နေ့မှာ အလုပ်သမားတွေကို ထားပေးတဲ့ အဆောင်မှာ တစ်ယောက် ငွေကျပ် ၁၀၀၀၀ အဆောင်ခဆိုပြီး ကောက်တယ်။ ထမင်းတစ်နပ်ကျွေးနေတာ ကနေ မကျွေးတော့ဘူး။ ကုန်တိုက်တစ်ရက်ရောင်းအားက ငွေကျပ် သိန်း၂၀၀ ရောင်းရတယ်။ အရှုံးမရှိဘဲ ပိတ်လိုက်တဲ့အတွက် အလုပ်သမားတွေ ဒုက္ခရောက်ကုန်တယ်။အလုပ်ရှင်နဲ့တွေ့ဆုံညှိနှိုင်းခွင့်လည်း မရခဲ့ဘူး။ နစ်နာကြေးမရတဲ့ အလုပ်သမား ၂၉ ဦးအတွက် ပိုက်ဆံစုထည့်ပြီး နယ်ပြန်ဖို့ ပိုင်းဝန်းအကူအညီ ပေးခဲ့ပါတယ်"ဟု မုံရွာတက္ကသိုလ်၌ တတိယနှစ် အဝေးသင်တက်၍ ကုန်တိုက်တွင် အလုပ်လုပ်ကိုင်နေသော ကိုတင်မိုးဦးက ပြောသည်။

"အလုပ်ဆက်လုပ်လို့ မရတဲ့အတွက် ကုန်တိုက်ပိတ်လိုက်တာပါ။ တံတားကြီးကိုဖြတ်ပြီး ပြည်သူတွေ စျေးသွားဝယ်ရတာထက်စာရင် ဒီမှာ ဝယ်လို့ရအောင် ဖွင့်ခဲ့တာပါ။ ကာစတန်မာရယ်၊ အလုပ်ရှင်၊ အလုပ်သမားနစ်နာတာ သိပါတယ်။ ပြန်ဖွင့်ဖို့လည်း မသေချာသေးဘူး။ ဥပဒေအတိုင်းပဲ ဆောင်ရွက်ပေးခဲ့တာပါ။ အားနည်းချက်က ကလေးတွေ ဘာလို့ ဆန္ဒစောတာလဲ။ အချိန်တစ်ခုတော့ စောင့်စေချင်တယ်။ ဥပဒေကမ်ဖြုံးပြီး ပြဋ္ဌာန်းထားတဲ့အတွက် အားနည်းချက်က ရှိနေသေးတယ်။ အလုပ်ရှင်အတွက်လည်း အားနည်းတယ်။ အလုပ်သမားအတွက်လည်း အားနည်းနေတယ်။ နဂိုကတည်းက ပါးပါးလေးနဲ့ အလုပ်လုပ်နေတာပါ။ တစ်နေ့ ငွေကျပ် သိန်း ၂၀၀ ကျော် ရောင်းရတယ်ဆိုပေမယ့် အမြတ်ခွန်၊ ဝန်ထမ်းစရိတ်၊ စားစရိတ်၊ အတိုးနဲ့ အမြတ်မကျန်ဘူး။ ခံယူချက်တစ်ခုနဲ့ လုပ်နေတာပါ။ ဒီနေရာမှာ ကုန်တိုက်ဖွင့်တာကို တားတဲ့ကြားထဲက ဖွင့်ခဲ့တာ။ အခုဘယ်လိုမှ ရှေ့ဆက်လို့ မရတော့တဲ့အတွက် ပိတ်လိုက်ရတာပါ"ဟု ပစ်တိုးရိုးယားကုန်တိုက်ပိုင်ရှင် ဒေါ်စန်းစန်းရီက ပြောသည်။

သန်းထိုက်(လှိုင်သာယာ)

ချန်ပီယံလီဂ်အုပ်စုအဆင့်မှ မန်ယူထွက်ပြီး မန်စီးတီးနောက်တစ်ဆင့်တက်

သီဟ

ယူအီးအက်ဖ်အေ ချန်ပီယံလီဂ် အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(B)မှ ဝုဖ်ဘတ်နှင့် မန်ယူတို့ပွဲတွင် အိမ်ရှင် ဝုဖ်ဘတ်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲ၌ အနိုင်ရရှိသည့် အသင်းသာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ရာ နှစ်သင်းစလုံး အပြန်အလှန် ဖွင့်ကစားခဲ့သည်။

ပွဲစပြီး ၁၀ မိနစ်တွင် မာတာဖန်တီးပေး၍ တိုက်စစ်မျှူး မာရှယ်က မန်ယူအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၁၃ မိနစ်မှာပင် ဝုဖ်ဘတ်အတွက် ချေဂိုးကို နောက်တန်းကစားသမား နယ်လ်ဒိုက သွင်းယူခဲ့သည်။ ၂၉ မိနစ်တွင် ဗီအိရင်ဟာက ဝုဖ်ဘတ်အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် မန်ယူအသင်း ဂိုးရရှိသော်လည်း စည်းကြပ်ဒိုင်ကဂိုးမပေးခဲ့ပေ။ ဒုတိယပိုင်း ၈၂ မိနစ်တွင် ဝုဖ်ဘတ်ကွင်းလယ်လူ ဂျီရျှအာဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် နောက်တန်းကစားသမား နယ်လ်ဒိုက ဝုဖ်ဘတ်အတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

မန်ယူအသင်းသည် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလီဂ်မှ ထွက်ခဲ့ရသည်။ဝုဖ်ဘတ်က အုပ်စုပထမဖြင့် ၁۶ သင်း အဆင့်နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ အုပ်စု(B)မှ ပီအက်စ်ဗီက CSKA မော်စကိုအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စုဒုတိယဖြင့် တက်ရောက်သွားသည်။

အုပ်စု (A)တွင် ပီအက်စ်ဗီက နှစ်ဂိုး-ဂိုးမရှိဖြင့် ရှက်တာဒိုးနက်ကို အနိုင်ရပြီး ရီးရဲမက်ဒရစ်က ရှစ်ဂိုး-ဂိုးမရှိဖြင့် မယ်လ်မိုကို အနိုင်ရခဲ့သည်။

မန်ယူကစားသမားများ ဝုဖ်ဘတ်ကို ရှုံးနိမ့်ပြီးနောက် ကွင်းထဲမှ ပြန်လည်ထွက်ခွာစဉ်။

နောက်တစ်ဆင့်သို့ ရီးရဲက အုပ်စုပထမ၊ ပီအက်စ်ဗီက ဒုတိယဖြင့် တက်ရောက်သွားသည်။

အုပ်စု (C)တွင် ဂါလာတာစာရေးနှင့် အက်စ်တာနာတို့ တစ်ဂိုးစီ သရေကျပြီး အက်သလက်တီကိုက နှစ်ဂိုး-တစ်ဂိုးဖြင့် ဘင်ဖီကာကို အနိုင်ရခဲ့သည်။ အက်သလက်တီကိုက ပထမနှင့် ဘင်ဖီကာက ဒုတိယဖြင့် တက်ရောက်သွားသည်။

အုပ်စု(D)တွင် မန်စီးတီးက လေးဂိုး-နှစ်ဂိုးဖြင့် ဂလာဘတ်ကို အနိုင်ရပြီး ဆီဗီလာက ဂျူဗင်တပ်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နောက်တစ်ဆင့်သို့ မန်စီးတီးက ပထမနှင့် ဂျူဗင်တပ်စ်က ဒုတိယဖြင့် တက်ရောက်သွားသည်။

ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အထက(ခွဲ) ကန်လှကျေးရွာ၊ အဌမတန်း(A)မှ မထားထားဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်သန်း ဖြစ်ပါကြောင်း။
ဦးမြင့်သန်း

ပျောက်ဆုံးကြောင်း
QUANDAT MYANMAR LIMITED
ကုမ္ပဏီပိုင် Bill of LOADIND No. OOLU 2566792610 နှင့် ပတ်သက်သည့် အခြားစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉- ၂၅၁၁၁၂ ၂၂

ပျောက်ဆုံးကြောင်း
ဦးတင်ဝင်း (MB-383028) နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
(ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၁-၅၁၅၀၁၁

ပျောက်ဆုံးကြောင်း
ဦးမြသောင်း၏ သား မောင်ယဉ်မြင့် ၁၂/ကခက(နိုင်)၀၁၉၉၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၅၅၃၄၁၆၀

ပျောက်ဆုံး
ကျွန်တော် မောင်သန်းထိုက်အောင် ၁၂/တမန(နိုင်)၁၀၁၇၇၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၄၁၁၀၃၃၄

မြောက်ဥက္ကလာပမြို့နယ်၊ ၉-ရပ်ကွက် မဟာဓမ္မပါလလိုဏ်ဂူ၊
ဓမ္မပါလဆုတောင်းပြည့်စေတီတော်
ပထမအကြိမ်ဗုဒ္ဓပူဇနီယပွဲတော်ဖိတ်ကြားလွှာ
မဟာဓမ္မပါလလိုဏ်ဂူ၊ ဓမ္မပါလဆုတောင်းပြည့်စေတီတော်၏ ပထမအကြိမ် မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၇ ခု၊ တန်ဆောင်မုန်းလဆုတ် (၁၄)ရက်နေ့မှ နတ်တော်လဆန်း(၈)ရက် အထိ ၁၀-၁၂-၂၀၁၅ ရက်မှ ၁၉-၁၂-၂၀၁၅ ရက်နေ့အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းတော်လောင်းလှူပွဲ၊ ကြည့်ချင်ဖွယ်ရာ အစုံအလင်ဇာတ်သဘင်ပွဲများနှင့် အောင်မြင်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ အလှူဒါယိကာ၊ အလှူဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။
ဂေါပကအဖွဲ့
မဟာဓမ္မပါလလိုဏ်ဂူ၊ဓမ္မပါလဆုတောင်းပြည့်စေတီတော်

ရန်ကုန်တက္ကသိုလ် "သိပ္ပံပွဲခင်း-၂၀၁၅"
သိပ္ပံနည်းပညာဆိုင်ရာပြပွဲ
"သိပ္ပံပွဲခင်း-၂၀၁၅"အတွက် တက္ကသိုလ်၊ကောလိပ်များ၊ဝန်ကြီးဌာနများ၊
သိပ္ပံနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့်ကုမ္ပဏီများကို ဖိတ်ခေါ်ခြင်း
ရန်ကုန်တက္ကသိုလ်မှ သိပ္ပံနည်းပညာဆိုင်ရာပြပွဲနှင့်ဟောပြောပွဲ "သိပ္ပံပွဲခင်း-၂၀၁၅" ကို ရန်ကုန်တက္ကသိုလ်တွင် ဒီဇင်ဘာလ (၁၈) ရက်မှ (၂၀)ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြပွဲတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၏ဆန်းသစ်သိပ္ပံပြပွဲ/ပြိုင်ပွဲ၊ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာသင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊ သုတေသနလုပ်ငန်းသုံးစက်ကိရိယာများနှင့် ပတ်သက်သော သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာများကို ပြခန်းများခင်းကျင်းပြသ၍ ဟောပြောပွဲများ ပြုလုပ်ကျင်းပမည် ဖြစ်ပါသည်။
ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်
ကျင်းပမည့်နေ့ရက် - ၁၈-၁၂-၂၀၁၅ရက်(သောကြာနေ့)၊
၁၉-၁၂-၂၀၁၅ ရက် (စနေနေ့)၊
၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့စဉ်နံနက်(၉)နာရီ မှ ညနေ(၅)နာရီ အထိ
ပါဝင်ပြသလိုသူများနှင့် စိတ်ပါဝင်စားသူများအားဖိတ်ခေါ်ခြင်း
အဆိုပါ "သိပ္ပံပွဲခင်း-၂၀၁၅"သို့တက္ကသိုလ်၊ကောလိပ်များ၊ ဝန်ကြီးဌာနများ၊ သိပ္ပံနည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား လာရောက်ပြသရန် ဖိတ်ခေါ်အပ်ပါသည်။ စိတ်ပါဝင်စားသူတိုင်းလာရောက် ကြည့်ရှုနိုင်ရန်လည်း ဖိတ်ကြားအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
ဆက်သွယ်ရန်ဖုန်း- ၀၁-၅၀၂၀၇၄၊ ၀၉-၇၉၂၉၉၁၄၇၁၊ ၀၉-၅၀၄၇၆၅၀

★ နေမင်းစက်ကာ ★
ရာထူးဝင်သင်တန်းကြီး
★ ရွှေးကောက်ပွဲကော်မရှင်(အနိုးကပ် ၁၀.၁၂.၂၀၁၅နေ့စမည်)
★ ကျူတာ (သင်တန်းစပြု)
★ L.O (ဥပဒေဘာသာရပ်အတွက် အကောင်းဆုံး သင်ကြားပေးသည်။)
(စနေ၊ တနင်္ဂနွေ ညနေ ၄ နာရီ စပြု)
❖ ရုံးနိုင်ဆောဘာအုပ်ဆိုင်များ
-(ရွှေမင်းသာ။ ရွှေရည်ဝင်းနှင့် လမင်းဝင်းဝင်းစာပေ) (နေပြည်တော်)
-(ညီစာပေနှင့်ခေတ်မီစာပေ) (မန္တလေး)
-(ကျော်ကျော်စာပေ) (မော်လမြိုင်) - (ဝင်ပြိုင်းပန်းစာပေ) (လားရှိုး)
-(အမိပတိစာအုပ်ဆိုင်) (ပုံရွာ) - (နေမင်းကြာမိတ္တူဆိုင်) (ပြည်မြို့)
➢ အားလုံးထက်အပြည့်ဝုံးဆုံး မှတ်စုများရောင်းမြီး
➢ မှတ်စုမှတ်တမ်းတွင် အားလုံးထက်သာလွန်ဝေရမည်။
ဝုံ၀ပ်ရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း လှည်းစာနှမ်းမှတ်တိုင်နှင့်ကပ်လျက် Ice Berry ရွှေမုဂ်ရာ မှင်းဆိုင်လှည်းစာနှမ်းကာဟရွတ်ပြီနယ်။ ဖုန်း- ၀၉ ၄၂၀၀ ၄၂၂၀၀၊ ၀၉ ၂၅၃၀ ၃၃၉၂၂။

၂၀၁၅ အထွေထွေရွေးကောက်ပွဲအကြောင်း သိကောင်းစရာ

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၈-၁၁-၂၀၁၅ ရက်နေ့က တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပါသည်။ ယင်းရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ အချက်အလက် ကိန်းဂဏန်းများကို မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် ဖော်ပြလိုက်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ကော်မရှင်)က ၁-၇-၂၀၁၅ ရက်နေ့တွင် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို ကြေညာခဲ့ပြီးနောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ၈-၇-၂၀၁၅ ရက်နေ့က ကြေညာခဲ့သည်။ (ရွေးကောက်ပွဲမကျင်းပမီ ၁၂၃ ရက်ကြိုတင်၍ ကြေညာခဲ့ခြင်းဖြစ်သည်။)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administrative Division - SAD)/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administrative Zone - SAZ) တစ်ခုစီအတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးထားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်အမှတ်(၁၂)အဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ရွာင်မြို့နယ်နှင့် ပင်တယမြို့နယ်တို့ဖြင့် စုစည်းထားသော 'ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈) အဖြစ်လည်းကောင်း၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉) အဖြစ်လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)အဖြစ်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ဖြင့် စုစည်းထားသော 'ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)အဖြစ်လည်းကောင်း၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်ခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်အဖြစ် စုစည်းထားသော '၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း' ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ပြည်ထောင်စုနယ်မြေကို မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှစ်နယ် သတ်မှတ်ခဲ့ပြီး ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ကို မဲဆန္ဒနယ်အမှတ်(၉)အဖြစ်လည်းကောင်း၊ တပ်ကုန်းမြို့နယ်နှင့် သီရိဂါးမြို့နယ်ကို မဲဆန္ဒနယ်အမှတ်(၁၀)အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်တစ်မြို့နယ်တွင် မဲဆန္ဒနယ်နှစ်နယ်စီ သတ်မှတ်ထားသော်လည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသော ပြည်ထောင်စုနယ်မြေ (တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပျဉ်းမနားနှင့် လယ်ဝေး ပေါင်းရှစ်မြို့နယ်)အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရန် မလိုအပ်ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် မဲဆန္ဒနယ်(၇၂)နယ်ရှိရမည့်အစား မဲဆန္ဒနယ်(၅၆) နယ်သာရှိသည်။ ထို့ကြောင့် တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်တွင် တစ်နိုင်ငံလုံး၌ မဲဆန္ဒနယ်(၆၆၀) ရှိရမည့်အစား မဲဆန္ဒနယ် (၆၄၄)နယ်သာ ရှိသည်။

ၛင်းပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ထိုတိုင်းဒေသကြီး/ပြည်နယ်က ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း ၈၁ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် ယင်းတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီရရှိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁,၄၁၉,၄၂၀ (၅၁. ၄၂ သန်းခန့်) ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုခုတွင် လူဦးရေ (၅၁,၄၁၉)ဦးနှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးတစ်မျိုး (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စုရရှိထားသော တိုင်းရင်းသားလူမျိုးများမှအပ)သည် ၎င်းတို့၏ လူမျိုးအတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရရှိသည်။ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ရရှိခဲ့ကြသော တိုင်းရင်းသားလူမျိုးများစာရင်းကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ထိုဇယားအရ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၉)ဦးရှိပြီး ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအထိ ရှိခဲ့သော်လည်း ချင်းပြည်နယ်တွင်မူ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှ မရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ (တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၁၅ ရက်နေ့က ကြေညာချက်အမှတ် ၂၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။)

ကော်မရှင်က လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို ၈-၇-၂၀၁၅ ရက်နေ့က ကြေညာခဲ့သည်။ အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက်သည် ၈-၈-၂၀၁၅ ရက်နေ့ဖြစ်သော်လည်း တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် နောက်ဆုံးနေ့ရက်ကို ၁၄-၈-၂၀၁၅ ရက်နေ့ထိ တိုးမြှင့်ပေးခဲ့သည်။ ထို့နောက် သတ်မှတ်ကာလအတွင်း အမည်စာရင်း တင်သွင်းထားခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်မည့်နေ့ရက်နှင့် ရုပ်သိမ်းနိုင်သည့် နေ့ရက်များကို ကြေညာခြင်း၊ စိစစ်ပြီး ယှဉ်ပြိုင်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာခြင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ဆက်လက်ဆောင်ရွက်ခဲ့သည်။

ကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်းကို ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ ရက်ပေါင်း(၆၀) သတ်မှတ်ပေးခဲ့သည်။ မဲဆွယ်စည်းရုံးခြင်းများကို ၆-၁၁-၂၀၁၅ ရက်နေ့ ညဉ့် ၁၂ နာရီတွင် ရပ်တန့်ရန်ဖြစ်ပြီး ၇-၁၁-၂၀၁၅ ရက်နေ့ကို Silent Day အဖြစ် သတ်မှတ်ပေးခဲ့သည်။ ရွေးကောက်ပွဲနေ့တွင် နိုင်ငံရေးပါတီအချင်းချင်း ပဋိပက္ခမဖြစ်စေရေးအတွက် မဲဆွယ်စည်းရုံးသည့် အရှိန်အဟုန်ကိုလျော့ကျစေရန် ဖြစ်ပါသည်။ ထိုပြင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအား ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီအသီးသီးက ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ အလှည့်ကျ ဟောပြောခဲ့ကြသည်။

ကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြည်သူ့လွှတ်တော်၌ မဲဆန္ဒနယ်(၃၃၀)ရှိသည့်အနက် မဲဆန္ဒနယ် (၃၂၃)နယ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်၌ မဲဆန္ဒနယ်(၁၆၈)နယ်တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၌ မဲဆန္ဒနယ်(၆၇၃)နယ် (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် အပါအဝင်) ရှိသည့်အနက် မဲဆန္ဒနယ် (၆၅၉)နယ်တွင်လည်းကောင်း ကျင်းပပေးခဲ့သည်။ ထို့နောက် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီး တွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ၉-၁၁-၂၀၁၅ ရက်နေ့မှ ၂၀-၁၁-၂၀၁၅ ရက်နေ့အထိ ထုတ်ပြန်ကြေညာပေးခဲ့သည်။

ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ်(၃၃၀)ရှိသည့်အနက် ရှမ်းပြည်နယ်မှ ပန်ဆန်း (ပန်ခမ်း)၊ နားဖန်း၊ ပန်ဝိုင်၊ မိုင်းမော၊ မိုင်းရှား၊ ကျေးသီးနှင့် မိုင်းလားမြို့နယ် ခုနစ်မြို့နယ်တွင် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးရန် အခြေအနေမရှိသဖြင့် မဲဆန္ဒနယ်(၃၂၃)နယ်တွင်သာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူပင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် (၂၉)နယ် အပါအဝင် မဲဆန္ဒနယ် (၆၇၃)နယ်ရှိသည့်အနက် အထက်ဖော်ပြပါ မြို့နယ် ခုနစ်မြို့နယ်မှ မဲဆန္ဒနယ် (၁၄)နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်သည့်အတွက် အဆိုပါလွှတ်တော်၌ မဲဆန္ဒနယ် (၆၅၉)နယ်သာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၉၁)ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း (၅,၇၂၉) ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း(၃၀၉)ဦး - စုစုပေါင်း (၆,၀၃၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်တွင် (၃၁၆)ဦး၊ အမျိုးသားလွှတ်တော်တွင် (၁၆၃)ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်တွင် (၆၁၆)ဦးနှင့် တိုင်းရင်းသားလူမျိုး (၂၉)ဦး စုစုပေါင်း (၁၁၂၄)ဦးဖြင့် အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်တွင် (၃၁၆)ဦး၊ အမျိုးသားလွှတ်တော်တွင် (၁၆၄)ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် (၆၁၃)ဦးနှင့် တိုင်းရင်းသားလူမျိုး (၂၉)ဦး စုစုပေါင်း (၁၁၂၂)ဦးဖြင့် ဒုတိယအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ဖြစ်သည်။ နိုင်ငံရေးပါတီများ များသည်နှင့်အမျှ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရေလည်း များသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ် နှစ်နယ်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁)နှင့် တိုင်းဒေသကြီးလွှတ်တော် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)တို့ ဖြစ်ကြသည်။ ယင်းမဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၄)ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့စဉ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များတွင် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ဇယား(၂)တွင် ဖော်ပြထားပါသည်။ ဤဇယားအရ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ (၉၁)ပါတီအနက် နိုင်ငံရေးပါတီ (၂၂)ပါတီသာ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း(၁,၁၅၀) ရှိသည့်အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း (၈၈၆)ဦး ရွေးချယ်ခံခဲ့ရခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၇၇ ဒသမ ၀၄ ရှိပြီး ဒုတိယအများဆုံး ရွေးချယ်ခံခဲ့ရသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရမှုသည် ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၁၇ ရှိသည်။ ထို့ပြင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း (၃၀၉)ဦး ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ၎င်းဦးသာ ရွေးကောက်ခံရသည်။

လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁,၁၅၀) ရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုအနေဖြင့် ပြည်သူ့လွှတ်တော်တွင် (၄၂)ဦး၊ အမျိုးသားလွှတ်တော်တွင် (၂၃)ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်တွင် (၈၄)ဦး ပေါင်း (၁၄၉)ဦး ရှိခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၉၆ ရှိသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း (၃၄,၂၉၅,၃၃၄)ဦး ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခု အနက် မန္တလေးတိုင်းဒေသကြီးသည် မဲဆန္ဒရှင် အများဆုံးရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း (၅,၁၇၇,၃၃၉)ဦး ရှိသည်။ ကယားပြည်နယ်သည် မဲဆန္ဒရှင်အနည်းဆုံး ပြည်နယ်ဖြစ်ကာ မဲဆန္ဒရှင်ပေါင်း (၁၇၈,၃၁၆)ဦးသာ ရှိသည်။ မြို့နယ် (၃၂၃)နယ်အနက် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်သာယာမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ်များသည် မဲဆန္ဒရှင် အများဆုံးမြို့နယ်နှင့် မဲဆန္ဒရှင် အနည်းဆုံးမြို့နယ်များ ဖြစ်ကြသည်။ လှိုင်သာယာမြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း (၄၅၄,၃၀၇)ဦး ရှိသော်လည်း ကိုကိုးကျွန်းမြို့နယ်တွင်မူ မဲဆန္ဒရှင်ပေါင်း (၁,၅၇၃)ဦးသာရှိသည်။

စာမျက်နှာ ၁၆ သို့

ဇယား ၁ - တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်များအလိုက် ရရှိခဲ့သော တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ဦးရေစာရင်း

စဉ်	တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်	တိုင်းရင်းသားလူမျိုး	
၁	ကချင်ပြည်နယ်လွှတ်တော်	ဗမာ၊ ရှမ်း၊ လီဆူးနှင့် ရဝမ်	- ပေါင်း ၄ ဦး
၂	ကယားပြည်နယ်လွှတ်တော်	ဗမာ	- ပေါင်း ၁ ဦး
၃	ကရင်ပြည်နယ်လွှတ်တော်	ဗမာ၊ မွန်နှင့် ပအိုဝ်း	- ပေါင်း ၃ ဦး
၄	ချင်းပြည်နယ်လွှတ်တော်		- မရှိ
၅	စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်	ရှမ်းနှင့် ချင်း	- ပေါင်း ၂ ဦး
၆	တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်	ကရင်	- ပေါင်း ၁ ဦး
၇	ပဲခူးတိုင်းဒေသကြီးလွှတ်တော်	ကရင်	- ပေါင်း ၁ ဦး
၈	မကွေးတိုင်းဒေသကြီးလွှတ်တော်	ချင်း	- ပေါင်း ၁ ဦး
၉	မန္တလေးတိုင်းဒေသကြီးလွှတ်တော်	ရှမ်း	- ပေါင်း ၁ ဦး
၁၀	မွန်ပြည်နယ်လွှတ်တော်	ဗမာ၊ ပအိုဝ်းနှင့် ကရင်	- ပေါင်း ၃ ဦး
၁၁	ရခိုင်ပြည်နယ်လွှတ်တော်	ချင်း	- ပေါင်း ၁ ဦး
၁၂	ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်	ကရင်နှင့် ရခိုင်	- ပေါင်း ၂ ဦး
၁၃	ရှမ်းပြည်နယ်လွှတ်တော်	ဗမာ၊ ကချင်၊ လီဆူး၊ လားဟူ၊ အင်း၊ ကော်(အခါ)နှင့် ကယန်း(ပဒေါင်)	- ပေါင်း ၇ ဦး
၁၄	ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်	ကရင်နှင့် ရခိုင်	- ပေါင်း ၂ ဦး
	စုစုပေါင်း		**၂၉ ဦး**

အာဆီယံစီးပွားရေးအသိုက်အဝန်းများ ပြိုင်ဆိုင်ဝင်ရောက်လာပါက အိမ်၊ ခြံ၊ မြေ ဈေးကွက်များ ပြန်လည်လှုပ်ရှားလာနိုင်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံအတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community)များ အပြိုင်အဆိုင် ဝင်ရောက်လာပါက အိမ်၊ ခြံ၊ မြေ ဈေးကွက်များ ပြန်လည်လှုပ်ရှားလာနိုင်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန်လခန့်မှစ၍ မြန်မာနိုင်ငံတွင် အိမ်၊ ခြံ၊ မြေ ဈေးကွက်များ အေးလာခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များ အလိုက် တိုက်ခန်းများနှင့် လုံးချင်းအဌားများသာ အားကောင်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီနောက်ပိုင်း၌မူ တိုက်ခန်းများနှင့် လုံးချင်းအဌားများပါ အားနည်းလာခဲ့ကြောင်း၊ အိမ်အဌားများမှာလည်း ဈေးနှုန်းလျှော့ပေါ့ဌားရမ်းခဲ့ကြရကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းများ(Asean Economic Community) အပြိုင်အဆိုင် ဝင်ရောက်လာကြပါက အိမ်၊ ခြံ၊ မြေ ဈေးကွက်များ ပြန်လည်လှုပ်ရှားလာနိုင်တော့မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ် ဧပြီလမှ စတင်ကာ အိမ်၊ ခြံ၊ မြေဈေးကွက်များ ပြန်လည်လှုပ်ရှားနိုင်သည့်အရိပ်အယောင်များ မြင်တွေ့ရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို)မှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ရှိ တိုက်တာအဆောက်အအုံများ။

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက "အိမ်၊ ခြံ၊ မြေ ဈေးကွက်က အရောင်းအဝယ်အေးနေတယ်ဆိုပေမယ့် တချို့နေရာတွေမှာ အနည်းအကျဉ်းတော့ အရောင်းအဝယ် ပြန်လည်လှုပ်ရှားလာတာတွေ့နေရပါတယ်။ ဒါပေမယ့် တစ်ချိန်တစ်ခါက အင်မတန်မြင့်တက်ခဲ့တဲ့ အိမ်၊ ခြံ၊ မြေ ဈေးကွက် အဆင့်ကတော့ ဖြစ်ပေါ်လာနိုင်စရာ အားနည်းခဲ့ပါပြီ၊ အကြောင်းက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဒီဇင်ဘာလမှာ စတင်ပေါ်ပေါက်လာတော့မှာမို့ ဖြစ်ပါတယ်။ အရင်တုန်းကဆို ငွေကြေးတတ်နိုင်တဲ့သူတွေက ဒီအိမ်၊ ခြံ၊ မြေ ဈေးကွက်ထဲမှာ မျက်စိမှိတ်မြှုပ်နှံထားတာရှိကြပါတယ်။ နိုင်ငံအသီးသီးကလည်း ဖွံ့ဖြိုးတိုးတက်လာတော့မယ့် အနေအထားကိုကြည့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြမယ့် အနေအထားတွေရှိလာတာကြောင့် နိုင်ငံတော် အိမ်၊ ခြံ၊ မြေ ဈေးကွက်ရဲ့စီးပွားရေးဟာ လှုပ်ရှားမှုများဖြစ်ပေါ်လာပြီး ကောင်းမွန်တဲ့ဈေးကွက် တစ်ခု ပေါ်ပေါက်လာတော့မှာပါ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းတွေ ပေါ်ပေါက်လာတော့မှာကို ပြည်သူတွေ မြင်တွေ့ကြရတော့မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ အသင်းဝင်တစ်ဦးကလည်း "ရန်ကုန်မြို့ရဲ့ အိမ်၊ ခြံ၊ မြေ ဈေးကွက် အရောင်းအဝယ်ကလည်း ခုဆို နည်းနည်းအေးနေပါတယ်။ ဒါပေမယ့် နည်းနည်းလျှော့ရောင်းကြလို့ နည်းနည်းပါးပါးထွက်နေတာ လေးတွေတော့ ရှိပါတယ်။ အိမ်ခန်းရောင်းကြမယ့် သူတွေက ခုဆိုအလွန်များပါတယ်။ အရောင်းမထွက်ဘူးဖြစ်နေတာလေ၊ လောလောဆယ် သုံးလနီးပါးလောက်က အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်တွေ အေးနေဦးမှာပါ။ နောက်ပိုင်း ပုံမှန်ဈေးပေါက်လာနိုင်ပါတယ်။ အရင်လို အိမ်၊ ခြံ၊ မြေ ဈေးကွက်က ဈေးနှုန်းမမြင့်မားတော့ဘဲ ဈေးကွက်တည်ငြိမ်မှု ဖြစ်လာနိုင်ပါတယ်" ဟု သုံးသပ်ပြောဆို သည်။

မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၏ တရားဝင်မှတ်ပုံတင်အမှတ်ဖြင့် ဖွဲ့စည်းပေါ်ပေါက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များအား အသင်းသို့ ဝင်ရောက်နိုင်ကြစေရန် ၂၀၁၂ ခုနှစ် ဇူလိုင် ၇ ရက်ကတည်းက စတင်စည်းရုံး ဝင်ရောက်စေခဲ့ကြောင်း၊ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေအသင်းဝင်ပေါင်း ၁၇၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို)မှ သင်တန်းများလည်း ပို့ချပေးလျက်ရှိရာ ရန်ကုန်မြို့အတွင်း ၁၇ ကြိမ်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ၄၂ ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရုံးခွဲပေါင်း ၂၀ ကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျစ်လျစ်ခိုင်မာသည့် အောင်လက်မှတ်ရ သင်တန်းသား သင်တန်းသူဦးရေ ၄၀၀၀ ကျော် ရှိခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို)မှ သိရသည်။

သတင်း-စိုးဝင်း(SP)
ဓာတ်ပုံ-တင်လှမောင်

စာမျက်နှာ ၁၅ မှ

ပြည်သူ့လွှတ်တော်၌ မဲဆန္ဒရှင်ပေါင်း(၂၃,၉၁၁,၇၈၄)ဦး မဲပေးခဲ့သဖြင့် ပြည်သူ့လွှတ်တော်အတွက် မဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၇၂ ဖြစ်ပြီး အမျိုးသားလွှတ်တော်၌ ဆန္ဒမဲပေးသူပေါင်း (၂၃,၉၄၆,၇၀၉)ဦး ရှိခဲ့သဖြင့် အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၆၉ ဒသမ ၈၂ ဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင် (၃,၇၁၉,၈၄၆)ဦး အပါအဝင် မဲဆန္ဒရှင်ပေါင်း (၃၈,၀၁၅,၁၈၀)ဦး ရှိခဲ့ပြီး ဆန္ဒမဲပေးသူပေါင်း (၂၆,၃၆၈,၄၆၇)ဦး ရှိခဲ့သဖြင့် ယင်းလွှတ်တော်အတွက် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၆၉ ဒသမ ၃၆ ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၆၃ ဖြစ်သည်။ မကွေးတိုင်းဒေသကြီးသည် မဲပေးမှုရာခိုင်နှုန်း ၇၆ ဒသမ ၆ ဖြင့် မဲပေးမှုအများဆုံး တိုင်းဒေသကြီးဖြစ်ပြီး ကရင်ပြည်နယ်သည် မဲပေးမှု ၄၆ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် မဲပေးမှုအနည်းဆုံး ပြည်နယ်ဖြစ်သည်။

ကြိုတင်မဲပေးမှု ရာခိုင်နှုန်းများမှာ - ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၄၅ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၆ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ၆ ဒသမ ၀၃ ရာခိုင်နှုန်း အသီးသီးရှိသောကြောင့် ပျမ်းမျှကြိုတင်မဲပေးမှု ရာခိုင်နှုန်းသည် ၆ ဒသမ ၁၈ ဖြစ်သည်။ ထို့ပြင် ပယ်မဲ ပျောက်မဲ ရာခိုင်နှုန်းများမှာ - ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၂၅ ၊ အမျိုးသားလွှတ်တော်တွင် ၅ ဒသမ ၁၅ နှင့် တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၄ ဒသမ ၈ အသီးသီးဖြစ်သည်။ ထို့ကြောင့် ပျမ်းမျှပယ်မဲ ပျောက်မဲ ရာခိုင်နှုန်းသည် ၅ ဒသမ ၄ ဖြစ်သည်။ (၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က ကြိုတင်မဲ ၈ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ကာ ပယ်မဲ ပျောက်မဲ ၆ ဒသမ ၇၄ ရာခိုင်နှုန်း ရှိခဲ့သည်။)

ထို့ပြင် တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း (၄၀,၁၄၀) ရှိပြီး မဲဆန္ဒရှင်ပေါင်း (၃၄,၂၉၅,၃၃၄)ဦး ရှိသဖြင့် မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲဆန္ဒရှင်ပေါင်း (၈၅၅)ဦးခန့် ရှိခဲ့သည်။

ယခု ရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသာမက မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ လေ့လာခဲ့ကြပါသည်။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်း(၆)ဖွဲ့နှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း(၉)ဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း (၇၆၄)ဦးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (၅၃)ဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း (၁၁,၃၇၀)ဦးတို့က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု၊ ကြိုတင်ဆန္ဒမဲပေးမှုများနှင့် မဲရုံများတွင် ဆန္ဒမဲပေးမှုများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ ချို့ယွင်းချက် အနည်းအကျဉ်းသာ တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲနှင့် ယခုကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှ အတွေ့အကြုံများကို ပြန်လည်ဆန်းစစ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကာ အားနည်းချက်များကို ပြုပြင်ခြင်းဖြင့် မြန်မာနိုင်ငံ၌ နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးနိုင်မည်ဖြစ်ပါသည်။

၂၀၁၅ စုနှစ်၊ အထွေထွေရွေးကောက်ပွဲ
ပါတီအလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် စာရင်းဇယား

စဉ်	ပါတီအမည်	ပြည်သူ့	အမျိုးသား	တိုင်း/ပြည်	တိုင်းရင်းသား	ပေါင်း	ရာခိုင်နှုန်း
၁	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၂၅၅	၁၃၅	၄၃၅	၂၁	၈၁၆	၇၇.၀၄
၂	မြည်ထောင်စုကြီ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၀	၀၀	၇၄	၂	၁၀၇	၁၀.၁၇
၃	ရခိုင်အမျိုးသားပါတီ	၁၂	၀၀	၂၂	၀	၄၅	၃.၉၁
၄	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၁၂	၃	၂၅		၄၀	၃.၄၈
၅	တအာင်း (ပလောင်)အမျိုးသားပါတီ	၃	၂	၃		၀၂	၀.၀၄
၆	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ	၃	၀	၆		၀၀	၀.၈၇
၇	ဒီမိုးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၂	၂	၂		၆	၀.၅၂
၈	တစ်သီးပဂ္ဂလ	၀	၂	၀	၁	၅	၀.၄၃
၉	လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဗားလေးပါတီ)	၂	၂	၀		၅	၀.၄၃
၁၀	ကချင်ပြည်နယ်ဒီမိုကရေစီပါတီ	၁	၃			၄	၀.၃၅
၁၁	မွန်အမျိုးသားပါတီ		၀	၂		၃	၀.၂၆
၁၂	"ဝ" ဒီမိုကရက်တစ်ပါတီ	၀		၂		၃	၀.၂၆
၁၃	တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ			၁	၁	၂	၀.၁၇
၁၄	လားဟူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ			၁	၁	၂	၀.၁၇
၁၅	ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ	၁		၁		၂	၀.၁၇
၁၆	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ		၁			၁	၀.၀၉
၁၇	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ			၁		၁	၀.၀၉
၁၈	ကရင်ပြည်သူ့ပါတီ			၁		၁	၀.၀၉
၁၉	ဒီမိုကရက်တစ်ပါတီ (မြန်မာ)			၁		၁	၀.၀၉
၂၀	မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ			၁		၁	၀.၀၉
၂၁	"ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ			၁		၁	၀.၀၉
၂၂	စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စသက)			၁		၁	၀.၀၉
၂၃	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ				၁	၁	၀.၀၉
	စုစုပေါင်း	၃,၂၃	၀၆၈	၆၃၀	၂၉	၁၀၅၀	

မှတ်ချက်။ ပြည်သူ့ - ပြည်သူ့လွှတ်တော်၊ အမျိုးသား - အမျိုးသားလွှတ်တော်၊ တိုင်း/ပြည် - တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်

မြန်နှုန်းမြင့်မြင့်မှာ တာယာမပွင့်စေဖို့ အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် လေဖိအားသည်လည်းကောင်း၊ ဝန်ခံနိုင်အားသည်လည်းကောင်း၊ အမြင့်ဆုံးမောင်းနှင်နိုင်သော အမြန်နှုန်းသည်လည်းကောင်း၊ တာယာအသစ်စက်စက် အနေအထားမှ သုံးစွဲသက်တမ်းခြောက်လအထိ ကာလအတွက်သာလျှင် သတ်မှတ်ပေးထားခြင်းဖြစ်သည်ကိုမူ သတိပြုကြရန် လိုအပ်သည်။ တာယာသုံးစွဲမှု သက်တမ်းခြောက်လထက်ကျော်လွန်လာပါက အသစ်အနေအထားမှာကဲ့သို့ တင်ဆောင်မောင်းနှင်၍ မရနိုင်တော့ပေ...

သမားရိုးကျသုံး တာယာများထက် အရည်အသွေးအားဖြင့်လည်းကောင်း၊ အသုံးဝင်မှုအားဖြင့်လည်းကောင်း၊ ထူးခြားသာလွန်သော တာယာများကို ကမ္ဘာကျော် တာယာကုမ္ပဏီများက ထုတ်လုပ်ပေးလျက် ရှိနေကြသည်။ အဆိုပါ အတန်းအစားများသည် မောင်းနှင်အသုံးပြုရာ၌ သမားရိုးကျတာယာများထက် ပိုမိုထူးခြားကောင်းမွန်သလို ဈေးနှုန်းအားဖြင့်လည်း သမားရိုးကျတာယာများထက် များစွာကြီးမြင့်ကြသည်။

အပေါ့စားဆလွန်းကားများအတွက် စွတ်စိုနေသော လမ်းများပေါ်၌ မောင်းနှင်သည့်အခါ လမ်းမချော်နိုင်သည့်အပြင်၊ ဆီစားနှုန်းသက်သာအောင် စီမံပြုလုပ်ထားသော တာယာများပေါ်တွင် MXV ဟု ရိုက်နှိပ်ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ ထို့အတူပင် MXV ဟု ရိုက်နှိပ်ဖော်ပြထားသော တာယာများသည်လည်း နည်းပညာမြင့်မြန်နှုန်းမြင့်ကားများအတွက် စွတ်စိုသည့်လမ်းပေါ်တွင် လမ်းမချော်နိုင်စေရန်လည်းကောင်း၊ အရှိန်သတ်ဘရိတ်နင်းရာ၌ ဒယဉ်တိုက်ပါမသွားစေရန်လည်းကောင်း၊ ပန်းသားများကို အထူးစီမံထုတ်လုပ်ထားသော အရည်အသွေးမြင့်ပစ္စည်းများ ဖြစ်ကြသည်။

ပြိုင်ကားများ၌တပ်ဆင်မည့် တာယာများသည် ကုတ်အားပိုမိုရရှိခြင်း၊ အထမြန်ခြင်း၊ ဘရိတ်နင်းသည့်အခါ ဒယဉ်တိုက်ပါမသွားနိုင်ခြင်း၊ အရှိန်လျှော့ရာတွင် လျင်မြန်စွာအရှိန်လျော့ကျခြင်း၊ လျှပ်တစ်ပြက်ကွေ့ရာတွင် ကား၏အင်နားရှားသက်ရောက်မှုနှင့် ဗဟိုခွာအားကို လျော့ပါးစေခြင်း စသည့် အရည်အသွေးများနှင့်ပြည့်စုံရန် အထူးလိုအပ်သည်။ ထိုသို့သော အရည်အသွေးမျိုးဖြင့် ထုတ်လုပ်ထားသည့် တာယာများ၏အပေါ်တွင် MXV ဟု ရိုက်နှိပ်ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာ့ဒေသ နိုင်ငံများထဲတွင် ရေခဲမှတ်အောက် အပူချိန်ကျဆင်းသော ဒေသများလည်း အများအပြားပါဝင်နေသည်။ ထိုဒေသများတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းခြင်း၊ ရေခဲနေခြင်းများသည် အမြဲလိုလို ဖြစ်ပေါ်နေတတ်ရာ ထိုသို့သော ရေခဲပြင်နှင့် ဆီးနှင်းပြင်များပေါ်၌ ချွတ်ချော်ခြင်းမရှိစေရဘဲ ချောမွေ့စွာ မောင်းနှင်နိုင်ရန်အတွက် XM+ S၂၀၀ ဟု ရိုက်နှိပ်ဖော်ပြထားသော အဆင့်မြင့်တာယာများကို ထုတ်လုပ်ရောင်းချပေးလျက်ရှိနေကြသည်။ ထိုအတန်းအစား တာယာများကို ရေခဲပြင်နှင့် ဆီးနှင်းပြင်များအပေါ်၌သာမကဘဲ ရွှံ့ညွန်ထူထပ်သော ဒေသများ၌ပါ တပ်ဆင်အသုံးပြုမောင်းနှင်နိုင်ကြသည်။

ယင်းသို့သော အထူးစီမံပြုလုပ်ထားသည့် တာယာမျိုးမှလွဲ၍ ကျန်သမားရိုးကျသုံး တာယာများကို တပ်ဆင်အသုံးပြုပြီး လမ်းမများပေါ်တွင် မောင်းနှင်သွားလာကြရာ၌ သတိပြုရန်အချက်မှာ တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် ဝန်အားနှင့် အမြင့်ဆုံးမောင်းနှင်နိုင်သည့် အမြန်နှုန်းတို့သည် လမ်း၏အနေအထားပေါ်၌ မူတည်နေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ယင်းသို့သော ရိုက်နှိပ်ဖော်ပြထားချက်များသည် ချောမွေ့ညီညာသော လမ်းမျက်နှာပြင်များပေါ်တွင် မောင်းနှင်နေသည့်အခါမျိုးအတွက်သာလျှင် ဖြစ်သည်။

အကယ်၍ လမ်းသားညီညာမှုမရှိခြင်း၊ ချိုင့်နှင့်ကျင်းများရှိနေခြင်း၊ ကတ္တရာလှိုင်းတွန့်များ ဖြစ်ပေါ်နေခြင်း၊ မို့မောက်သော အဖုအထစ်များ ဖြစ်ပေါ်နေခြင်းစသည့် လမ်းအနေအထားမျိုးပေါ်၌ မောင်းနှင်သည့်အခါ၌မူ ခွင့်ပြုထားသော အမြင့်ဆုံးမြန်နှုန်း၏ ၉၀ ရာခိုင်နှုန်းအထိသာ စိတ်ချလက်ချမောင်းနှင်နိုင်မည် ဖြစ်သည်။ ကတ္တရာခင်းသောလမ်း မဟုတ်ဘဲ၊ ကွန်ကရစ်ခင်းထားသော လမ်းမျိုးဖြစ်ပါကမူ အမြင့်ဆုံးခွင့်ပြုထားသည့် မြန်နှုန်း၏ ၇၅ ရာခိုင်နှုန်းအထိသာ မောင်းနှင်ကြရမည် ဖြစ်သည်။

အချို့သောလမ်းများသည် ရေတိုက်စားခံရခြင်းကြောင့် သော်လည်းကောင်း၊ အချောမသပ်ရသေးခြင်းကြောင့်သော်လည်းကောင်း၊ ယန္တရားကြီးများ အမြဲမပြတ် မောင်းနှင်သွားလာနေသော စီမံကိန်းလမ်းမျိုး ဖြစ်နေခဲ့လျှင်သော်လည်းကောင်း၊ လမ်းမျက်နှာပြင်ပေါ်တွင် ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နှက်နေတတ်သည်။ အဆိုပါ လမ်းမျိုးပေါ်၌ မောင်းနှင်ရသည့်အခါ တာယာတွင် ရိုက်နှိပ်ဖော်ပြထားသည့် ခွင့်ပြုအမြန်နှုန်း၏ ၇၅ ရာခိုင်နှုန်းအောက်၌သာ မောင်းနှင်ကြရမည် ဖြစ်သလို ဝန်တင်ရာ၌လည်း အများဆုံးခံနိုင်သည့်ဝန်အား၏ ၈၀ ရာခိုင်နှုန်းထက်မပိုအောင်သာ တင်ဆောင်မောင်းနှင်ကြရမည် ဖြစ်သည်။

အဝေးပြေး လမ်းမများပေါ်၌ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်နေရင်း မမျှော်လင့်ဘဲ ရုတ်တရက် တာယာပွင့်ထွက်မှုကြောင့် ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှု ဖြစ်ကြရခြင်းမှာ တာယာများပေါ်၌ ရိုက်နှိပ်ထားသည့် ဖော်ပြချက်များကို မသိရှိကြခြင်း၊ သိရှိသော်လည်း အလေးဂရုမပြုမိကြခြင်း၊ ဂရုပြုမိသည့်တိုင် လမ်းအခြေအနေပေါ်မူတည်ပြီး ဝန်တင်အားနှင့် အမြန်နှုန်းအတိုးအလျှော့ပြုလုပ်ရမည်ကို မသိရှိကြခြင်း၊ သိရှိကြသော်လည်း မြန်နှုန်းမြင့်မြင့် မောင်းနှင်နေရင်း သတိလက်လွတ်ဖြစ်သွားခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။

အကယ်၍ မော်တော်ကားတစ်စီးတွင် တပ်ဆင်ထားသော ဘီးလေးဘီးရှိ တာယာလေးလုံးအနက် သုံးလုံးမှာ အမြင့်ဆုံးမောင်းနှင်နိုင်သည့် ခွင့်ပြုအမြန်နှုန်းက တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ ဖြစ်နေပြီး ကျန်တာယာတစ်လုံး၏

အမြင့်ဆုံးခွင့်ပြုအမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ သာ ဖြစ်နေသည်ဆိုပါက လမ်းအခြေအနေပေါ် မူတည်ပြီး မောင်းနှင်ကြရာတွင် ခွင့်ပြုအမြန်နှုန်း အနည်းဆုံးဖြစ်နေသည့် တာယာ၏အပေါ်တွင်သာ အခြေခံစဉ်းစားပြီး မောင်းနှင်ကြရမည်ဖြစ်သည်။

အလားတူပင် တာယာလေးလုံးအနက် သုံးလုံး၏ ခွင့်ပြုဝန်အားမှာ ၆၀၀ ကီလိုဂရမ်ဖြစ်ပြီး ကျန်တစ်လုံးမှာမူ ၄၈၀ ကီလိုဂရမ်ဖြစ်နေသည် ဆိုပါကလည်း ခွင့်ပြုဝန်အားအနည်းဆုံးဖြစ်သော တာယာပေါ်တွင်ရိုက်နှိပ်ထားသည့် ၄၈၀ ကီလိုဂရမ်၏အပေါ်တွင်သာအခြေပြုလျက် စဉ်းစားဆင်ခြင် မောင်းနှင်ကြရမည် ဖြစ်သည်။

အဝေးပြေး လမ်းမကြီးများပေါ်၌ မြန်နှုန်းမြင့်မြင့် မောင်းနှင်နေရင်း ရုတ်တရက် တာယာပွင့်ထွက်ပြီး ထိခိုက်တိမ်းမှောက်မှု၊ အသက်အန္တရာယ်ဖြစ်ပွားမှု စသည်တို့ကို ကြုံတွေ့ကြရခြင်းမှာ တာယာများပေါ်၌ ရိုက်နှိပ်ထားသည့် ဖော်ပြချက်များကို အလေးဂရုမပြုမိကြခြင်းကြောင့် ဖြစ်ကြရသလို သက်တမ်းလွန်တာယာများ၊ အရည်အသွေးညံ့ဖျင်းသော တာယာများ၊ အတန်းအစားနိမ့်သော တာယာများ၊ ပန်းသားပါးနေသော တာယာများ၊ ပန်းမျက်နှာပြင်နှင့် ဘေးသားမျက်နှာပြင်တို့တွင် ပြစ်ချက်ရှိနေသောတာယာများ၊ အကြိမ်ပေါင်းများစွာ ဖာထေးပြုပြင်ထားသည့် တာယာများကြောင့်လည်း ဖြစ်ပွားကြရလေ့ရှိသည်။

တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် လေဖိအားနှင့် ဝန်အား၊ အမြင့်ဆုံးမောင်းနိုင်သည့် အမြန်နှုန်း ကန့်သတ်ချက်များကို လိုက်နာသည့်အပြင် လမ်းအခြေအနေပေါ် မူတည်၍လည်းကောင်း၊ လမ်းအနေအထားပေါ် မူတည်၍လည်းကောင်း၊ အမြန်နှုန်းကို အချိုးကျလျှော့ချ မောင်းနှင်ကြခြင်းအားဖြင့် မြန်နှုန်းမြင့် အခြေအနေမျိုးတွင် ရုတ်တရက်တာယာပွင့်ထွက်ခြင်းမျိုးမှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

သို့ရာတွင် တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် လေဖိအားသည်လည်းကောင်း၊ ဝန်ခံနိုင်အားသည်လည်းကောင်း၊ အမြင့်ဆုံးမောင်းနှင်နိုင်သော အမြန်နှုန်းသည်လည်းကောင်း၊ တာယာအသစ်စက်စက်အနေအထားမှ သုံးစွဲသက်တမ်း ခြောက်လအထိ ကာလအတွက်သာလျှင် သတ်မှတ်ပေးထားခြင်းဖြစ်သည်ကိုမူ သတိပြုကြရန် လိုအပ်သည်။ တာယာ သုံးစွဲမှု သက်တမ်း ခြောက်လထက်ကျော်လွန်လာပါက အသစ်အနေအထားမှာကဲ့သို့ တင်ဆောင်မောင်းနှင်၍ မရနိုင်တော့ပေ။

ထို့ပြင် တာယာသက်တမ်း ခြောက်လဟုဆိုရာတွင်လည်း ထိုကာလအတွင်း၌ မော်တော်ကားဆိုင်းထိန်းပစ္စည်းများ၏ ချွတ်ယွင်းချက်ကြောင့် တာယာပန်းသားနှင့် ဘေးနှုတ်ခမ်းသားများ ပွန်းစားခံထားရခြင်းမရှိသော အနေအထားမျိုးကိုသာ ဆိုလိုခြင်းဖြစ်သည်။ တာယာအသစ်စက်စက် အနေအထားမှ သက်တမ်းခြောက်လ အထိကာလအတွင်း ဆိုင်းထိန်းပစ္စည်းများကြောင့် ပွန်းစားခံထားရသော တာယာများဖြစ်နေပါက သတ်မှတ်ဝန်အားနှင့် အမြန်နှုန်းများအတိုင်း အပြည့်အဝတင်ဆောင်မောင်းနှင်၍ မရနိုင်သည်ကိုလည်း ကြိုတင်ဆင်ခြင်လျက် သိရှိထားကြရမည် ဖြစ်သည်။

သက်တမ်းလွန် တာယာများကို မှားယွင်းသုံးစွဲမိခြင်းသည်လည်း မြန်နှုန်းမြင့်မောင်းနှင်သည့် အခါမျိုး၌သာ မကဘဲ မြန်နှုန်းနိမ့်ဖြင့် မောင်းနေစဉ်၌ပါ တာယာပွင့်ထွက်သွားခြင်းမျိုး ဖြစ်ပွားလာနိုင်သည်။ ရော်ဘာသားများ၏ သက်တမ်းကုန်ဆုံးသွားပြီဖြစ်သော သက်တမ်းလွန် တာယာများသည် ခွင့်ပြုဝန်တင်အား အများဆုံးသို့ မရောက်မီ၌လည်းကောင်း၊ ခွင့်ပြုအမြန်နှုန်း အမြင့်ဆုံးသို့ မရောက်မီ၌လည်းကောင်း အချိန်မရွေး ပွင့်ထွက်သွားနိုင်သည်။

အလားတူပင် အရည်အသွေးညံ့ဖျင်းသော တာယာများသည် စံချိန်မမီသော ကုန်ကြမ်းများကို သုံးစွဲထားခြင်းနှင့် ထုတ်လုပ်မှုနည်းပညာဆိုင်ရာ အားနည်းချက်များကြောင့် အာမခံချက်လုံးဝမရှိသော တာယာများ ဖြစ်ကြသည်။ အာမခံချက်မရှိသည့်အတွက် မည်သို့ပင်ဖြစ်စေ ကုန်ကြမ်းများ ကုန်ခန်းပြီးပြီ ဟု ကြေညာ၍ ရနိုင်ကြပေမည်ဟု ယူဆ၍

ရောဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ် အမှတ်(၈)ရပ်ကွက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ဆွမ်းလောင်းလှူ နေသော အဘွားတစ်ဦး။ (အဆိုပါ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့ပြီး မြို့ပေါ်ကျောင်း ၅၃ ကျောင်းမှ သံဃာတော်အပါး ၂၀၀ ကျော်ကြွ ရောက်ခဲ့ကြောင်း သိရသည်။)

ဘိုကလေးဌေးနိုင်

မိုးစပါး စံကွက်ရိတ်သိမ်းပွဲနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

မြိုင် ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်၍ မိုးစပါးစံကွက် ရိတ်သိမ်းပွဲနှင့် ကွင်းသရုပ်ပြပွဲကို မြိုင်မြို့နယ် ဆူးဝင်းကျေးရွာအုပ်စု ဝက်ဖိုးကျေးရွာရှိ မိုးစပါးပုလဲသွယ်(စပ်မျိုး) ၁၀ ဧက စံပြစိုက်ကွက်၌ ဒီဇင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

မိုးစပါးစံကွက် ရိတ်သိမ်းမှုတွင် တစ်ဧကပျမ်းမျှ အထွက်နှုန်း အစို ၁၉၃ ဒသမ ၃၀ တင်းထွက်ရှိ၍ အခြောက် ၁၇၇ ဒသမ ၇၁ တင်းထွက်ရှိကြောင်း သိရသည်။ ထို့နောက် တောင်သူပညာပေးဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက တောင်သူများ အနေဖြင့် သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ဓာတ်မြေသြဇာများ အချိုးညီစနစ်တကျ ထည့်သွင်းသုံးစွဲရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သတိပြုရမည့်အချက်များ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ သိကောင်းစရာများကို အသိပညာ ပေးဆွေးနွေးဟောပြောခဲ့သည်။ တောင်သူ ပညာပေးဟောပြောပွဲသို့ ဒေသခံ ကျေးရွာများဖြစ်သော ဗဟင်း၊ ဆူးဝင်း၊ သင်းမ၊ ဂျုတ်ကုန်း၊ တောင်စုံနှင့် ဆိတ်ချေးကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အောင်ကျော်မြင့်

ပိုလီယိုရောဂါကာကွယ်ဆေးသစ် စတင်ထိုးနှံပေး

ရိခေါဒါရဲ ဒီဇင်ဘာ ၉

ချင်းပြည်နယ် ရိခေါဒါရဲမြို့၌ ပိုလီယိုရောဂါ ကာကွယ်ဆေးသစ်ဖြစ်သော Inactivated Polio Vaccine(IPV)ဆေးအကြောင်း အသိပေးဟောပြောပွဲကို ရိခေါဒါရဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ ဆောင်၌ ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ပြီး ကာကွယ်ဆေးများ ဆေးစတင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ရိခေါရဲဒါမြို့ တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာစိုးသီဟနှင့် ဖလမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ပိုလီယိုရောဂါကာကွယ် ဆေးသစ် ထိုးနှံခြင်းအကြောင်း အသိပညာပေး ဟောပြောခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် ဖလမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သူနာပြု(၁) ဒေါ်သုမ်ကြန်းက Inactivated Polio Vaccine(IPV) ကာကွယ်ဆေးသစ်၏ အသုံးပြုပုံ၊ ဆောင်ရွက်မည့်နည်းများနှင့် အကျိုးအာနိသင်များအကြောင်းကိုလည်းကောင်း၊ အခြားကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ကလေးမိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပိုလီယိုရောဂါ ကာကွယ်ဆေးသစ်ကို ရပ်ကွက်အတွင်းရှိ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထိုးနှံပေးခဲ့သည်။ ပိုလီယိုရောဂါ ကာကွယ်ဆေးအပြင် အခြားကာကွယ်ဆေးများလည်း ထိုးနှံပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းကို မြို့ပေါ်ရပ်ကွက်နှစ်ခုစလုံးတွင် တစ်ဆက်တည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ငါးသိုင်းချောင်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ၆ ခုတွင် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုရောဂါကာကွယ်ဆေး ပထမအကြိမ်တိုက်ကျွေးခြင်းကို ငါးသိုင်းချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့မရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဆေးပေးခန်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက် မှ ၇ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းအစီအစဉ်ကို ဒီဇင်ဘာလနှင့် ၂၀၁၆ ဇန်နဝါရီလများအတွင်း သုံးကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးစမှအသက်ငါးနှစ်အထိ ကလေးငယ်များအား အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ပြီး ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးချိန် စုစုပေါင်းသုံးချိန်ပြည့်မီအောင် ကျန်ရှိသော နှစ်ကြိမ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မကျန်းမာရေး ဆေးပေးခန်းမှ တာဝန်ခံဆရာမ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

စံပြကျေးရွာသို့ မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

ခင်ဦး ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြင်းဒေါင်းစံပြကျေးရွာ၌ အသုံးပြုရန်အတွက် တိုယိုတာမီးသတ်ယာဉ်တစ်စီးကို မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းက ဒီဇင်ဘာ ၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယာဉ်အမှတ် (ဆ/၁၆၈၃) တိုယိုတာမီးငြိမ်းသတ်ယာဉ်ကို မြင်းဒေါင်း စံပြကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲတွင် ခင်ဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးတို့က မီးသတ်ယာဉ်နှင့်အတူ ယာဉ်ပါဝစ္စည်းစာရင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ရပ်မိရပ်ဖဦးခင်မောင်သန်းတို့ထံ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

အနာဂတ်ပန်းတိုင် ကျေးရွာစာကြည့်တိုက်သစ် ဖွင့်လှစ်

မြောင်းမြ ဒီဇင်ဘာ ၉

ကျေးလက်နေ ပြည်သူများ စာပေဗဟုသုတရရှိရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လင်းဒိုင်းကန့်ဘလာကျေးရွာ၌ ဖောင်ဒေးရှင်းလျှာဒါန်းငွေနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့သော အနာဂတ်ပန်းတိုင် ကျေးရွာစာကြည့်တိုက်သစ်ကို ဒီဇင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်သစ်သည် အလျား ၂၄ ပေ ၊ အနံပေ ၂၀ ရှိပြီး သွပ်မိုးအုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ကာ မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းမှ လျှာဒါန်း ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာနေစာပေဝါသနာရှင် ပြည်သူများ၊ အလှူရှင်များ စုပေါင်းထည့်ဝင်ငွေ ကျပ် ၂၂ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း၊ မြောင်းမြခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်လှကြည် ၊ ကျေးရွာရပ်မိရပ်ဖဦးတင်မြင့်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် တစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင် ပြန်/ဆက် ဦးစီးအရာရှိက စာကြည့်တိုက် ဖွင့်လှစ်ခြင်းနှင့် စာဖတ်ခြင်းတို့၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှူး ဒေါ်ရီရီလွင်နှင့် မန္တလေးမြို့မှ အလှူရှင်တစ်ဦးက စာကြည့်တိုက်သစ်အတွက်စာအုပ်စာစောင်များ လျှာဒါန်းခဲ့သည်။

အောင်မင်း (ပြန်/ဆက်)

စာကြည့်တိုက်သစ်တွင် စာအုပ်ဖတ်ရှုနေသော ကလေးငယ်များ။

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

(Securities and Exchange Commission of Myanmar-SECM) **၏**

ဦးဆောင်ကြိုးပမ်းဆောင်ရွက်မှုဖြင့်

မြန်မာနိုင်ငံ၏ ပထမဆုံး

" YANGON STOCK EXCHANGE (YSX) " ကို

၉.၁၂.၂၀၁၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ YSX အဆောက်အဦးကြီး၌ အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံသားများနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

KBZSC

ဉက္ကဋ္ဌ
နှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့.
KBZ SC SECURITIES

ဖိတ်ကြားခြင်း

A.G.T.I ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် G.T.I ပညာရေးခရီး နှစ် ၁၂ဝပြည့်ပွဲနှင့် အကြိမ် (၂ဝ)မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲအခမ်းအနားအား အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ခမ်းနားစည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် G.T.I ကျောင်းဆင်း ညီအစ်ကို မောင်နှမများနှင့် မိသားစုများပျော်ရွှင်စွာ ဆင်နွဲနိုင်ရန်အတွက် မပျက်မကွက် ပါဝင်ဆင်နွဲကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - အင်းစိန် G.T.I အားကစားကွင်း

ကျင်းပမည့်ရက် - ၁၂-၁၂-၂ဝ၁၅ရက် (စနေနေ့)

အခမ်းအနားအစီအစဉ် - နံနက် ၉နာရီ

အာစရိယပူဇော်ပွဲကျင်းပခြင်း၊ နံနက် ၁၁နာရီမှ ညနေ ၅နာရီအထိ G.T.I ကျောင်းများမှ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းနှင့် ကျောင်းအသီးသီးမှ အစီအစဉ်အလိုက် ဖျော်ဖြေဧည့်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ညနေ ၆နာရီမှ ည ၁၁နာရီအထိ အထိမ်းအမှတ်ညစာစားပွဲနှင့် နိုင်ငံကျော်တေးသံရှင်များဖြင့် ဧည့်ခံခြင်း။

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်

၁။ ဦးခင်အေး (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅

၂။ ကိုမြင့်ကြူ ဖုန်း-၀၉-၇၃၀၉၃၂၅၆၊ ၀၉-၇၉၅၅၆၄၃၃၃

၃။ မသူဇာလင်း ဖုန်း-၀၉-၅၁၁၂၄၉၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လွှိုင်ကော်တက္ကသိုလ် (၁၂)ကြိမ်မြောက် ဘွဲ့နင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

လွှိုင်ကော်တက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့ စာမေးပွဲများနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် လွှိုင်ကော်တက္ကသိုလ်(၁၂)ကြိမ်မြောက် ဘွဲ့နင်းသဘင်တက်ရောက်ဘွဲ့ယူနိုင်ရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

ဘွဲ့နင်းကြေး

တက်ရောက်ဘွဲ့ကြေး - ၁၅ဝဝ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး - ၁ဝဝဝ/-(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာတင်သွင်းရမည့်ရက် - ၁၄-၁၂-၂ဝ၁၅ရက်မှ ၁၄-၁-၂ဝ၁၆ရက်အထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နင်းသဘင်ဌာနမှ ဖြည့်စွက်ပြီး လျှောက်ထားရမည်။

၂။ လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော(၂"×၁½")ဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို လွှိုင်ကော်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ လွှိုင်ကော်တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ ဘွဲ့နင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့်ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့ လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ယခင်နှစ်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၈။ ဘွဲ့နင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့်ဘွဲ့နင်းသဘင်ဌာနခွဲ၊ ဖုန်း-၀၈၃-၂၂၀၆၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လုလုမြင့်
ဌာနမှူး၊ သင်တန်းရေးရာဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂ဝ၁၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃ဝ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ခေါ်ချိုကြီး ၁၂/သဃက(နိုင်)၀၂၂၉၈၈အစား ခေါ်ရှုကြီး၁၂/သဃက(နိုင်)၀၂၂၉၈၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်နှင့် မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသံဘတမြို့နယ်၊ သဘိန်းကုန်းကျေးရွာအုပ်စု၊ ပျဉ်ထောင်ကွင်းကျေးရွာနေ ဦးဆာပေါ်ထွန်း၏သမီး အမည်မှန်မှာ မယမင်းရွှေစင်ထွန်း ၁၄/ဟသတ(နိုင်)၂၉၅၁၉၉၊ မွေးသက္ကရာဇ် ၁-၄-၁၉၉၄ဖြစ်ပါသည်။

သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်းအား ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်နေ ကျွန်တော်၏ သမီး မတင်တင်ခိုင် ၁၂/ဥကမ(နိုင်)၁၆၂၃၄၃ အား ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ် စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

(ဘ) ဦးဘကြည်
၁၂/ဥကမ(နိုင်) ၀၃၃၆၇၃
(မိ) ဒေါ်အေးအောင်
၁၂/ဥကမ(နိုင်) ၁၄၀၄၁၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်တေး (၇/ညလပ(နိုင်)၀၈၂၅၃၇) ၏ မှတ်ပုံတင်မူရင်းနှင့် ဧကာ/ ၂၁၈၃၊ ၇ခ/၉၆၈၅ ယာဉ်တို့၏ ပုံစံ(ယ)(မူရင်း)ပါ စာအိတ်တို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကာအကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၅၁၅၁၈၈၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/ 5127, TOYOTA CROWN, SALOON ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၈/မလန(နိုင်) ၀၄၅၅၅၇၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

GS ဂယာရွှေတိုး ဗုဒ္ဓဂယာ - သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့
ခေါ်ဝင်းဝင်း၏ မွေးနေ့ နှင့် ကူမွက်ကီ (၅) နှစ်ပြည့်အထူးအစီအစဉ်
(အထူးအစီအစဉ်) 6-Jan-2016 , 20-Jan-2016
ကျန် (၁၅) ရက် ခရီးစဉ်များ Feb 3 , 17 Mar 2 , 16 , 30
သင်္ကြန်ဝိတ်ရက်ခရီးစဉ်များ Apr 11 (၇) ရက်ခရီး Apr 11 (၁၅) ရက်ခရီး
တစ်ဦးချင်း ၃၂ဦးသာ
"အဆင့်မြင့်ခရီးစဉ်များ" ဗွား၊ ပွင့်၊ ဟော၊ စံ - (၇)ညအိပ် (၇)ရက် - 3 Star Hotel (တည်း/စား)
ရန်ကုန်ရုံးချုပ် - ၀၁-၂၂၁၅၆၆၊ ၀၁-၂၂၉၈၀၀၊ ၀၉-၇၃၁၉၆၄၃၆၊ ၀၉-၇၉၆၉၉၆၀၂၁
မန္တလေးရုံးခွဲ - ၀၉-၃၃၂၇၄၇၄၇၊ ၀၉-၄၀၂၅၅၂၀၄၈

ကန့်ကွက်နိုင်ပါကြောင်း

တာဝေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၁၃၇၊ ၁၃၈၊ မြေကွက်တည်နေရာအမှတ် ၁၃၊ ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ (ကေ-ဝီဘာရိုနီ) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမူအမှတ် ၁ဝ၈/၉၈၊ (၃၁-၇-၂ဝဝ၂)ရက်စွဲပါ စီရင်ချက် (၁ဝ-၂-၂ဝဝ၀) ပြည့်နှစ် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁အရ အမွေထိန်းလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း စီရင်ချက်၊ အမွေထိန်းလက်မှတ်စာနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၇၉၈/၂ဝဝ၄(၂၂-၃-၂ဝဝ၄)တို့အရ အဆိုပါမြေကွက်အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်အမှတ် ၁၃၈၊ အကျယ်အဝန်းပေ(၂၅×၅ဝ)ခန့်ရှိ မြေကွက်၏ အစိတ်အပိုင်းကို ဦးစိုးမြင့်က ပိုင်ဆိုင်လာပြီး ၄င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၁ဝ/၂ဝ၁၁ (၁၁-၂-၂ဝ၁၁)အရ ဒေါ်ခင်စောဝင်းနှင့် ဦးရွှေသိန်းတို့မှ ပိုင်ဆိုင်လာပါသည်။ ၄င်းနောက် အဆိုပါမြေနှင့်ပတ်သက်၍ တာဝေမြို့နယ်တရားရုံးတွင် ဦးရွှေသိန်း၊ ဒေါ်ခင်စောဝင်းတို့က တရားလိုပြုလုပ်၍ တရာဝကြီးမှုအမှတ် ၅၂/၂ဝ၁၄ခုနှင့် တရားဖြိုင်ဖြစ်သော ဦးစိုးမြင့်အပေါ် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၁အရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ၆ဝ၀/၂ဝ၁၁ခုနှင့် မှားယွင်းဖော်ပြမိသော အနဲ(၅၀)ပေဟူသည့် စကားရပ်ကို အနဲ(၆ဝ)ပေဟူ၍ ပြင်ဆင်ဖော်ပြသည့် စီရင်ချက်နှင့် ဒီကရီချမှတ်ပေးပါရန် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း ပြင်ဆင်သည့်ဒီကရီကို စရိုက်နှင့်တကွ ချမှတ်ပေးခဲ့သဖြင့် တရားမဇာရီမှုအမှတ် ၁၄/၂ဝ၁၅၏ အမိန့်အရ တရားရုံးကိုယ်စား တာဝေမြို့နယ်တရားရုံးမှ ဘီလစ်ဖြစ်သူ ဒေါ်စန်းစန်းဝင်း ၁၂/ဒပန(နိုင်)၀၀၄၆၃၃၇ အမှားပြင်ဆင်စာချုပ်ချုပ်ဆိုရန် မြေပုံခြေရာဝင်ကူးယူခွင့်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၇)၊ စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)၊ ကြီးကြပ်မှုအောက် ရာဘာခြံများရှိ အရည်အသွေးကျဆင်းလျက်ရှိသည့် ခြံသုံးပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာ ရာဘာခြံများသို့ သွားရောက်ကြည့်ရှုပြီး စျေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁၀-၁၂-၂၀၁၅ ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်ရက်	-	၂၂-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ
တင်ဒါဖွင့်ရက်	-	၂၃-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၃:၀၀ နာရီ
တင်သွင်းရမည့်နေရာ	-	စက်မှုဝန်ကြီးဌာန၊အမှတ်(၂)၊ အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်
ဖုန်း	-	၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၃၇၂

ဖမ်းဆီးရမိသော ပုံစံ(၈)သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ရောင်းချရန်လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် သစ်မှအပအခြားသစ်တောထွက်ပစ္စည်းများကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ လားရှိုးမြို့၌ ၂၄-၁၂-၂၀၁၅ရက် နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေတိုင်း စျေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က) ကျွန်း/ပိတောက်ပရိဘောဂအပိုင်းအစ ၃၅၉၃/ချောင်း ၀.၆၈၇၄ တန်

(ခ)	နံ့သာနီမှုန့်	၁၀၀အိတ် ၄၀၀၀ Kg
(ဂ)	ထင်းရှူးဆီအပိုင်းအစ	၁၁အိတ် ၅၄၅ Kg

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လားရှိုးမြို့၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မူဆယ်မြို့နယ်၊ ဦးစီးအရာရှိရုံးတို့တွင် ၁၇-၁၂-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၁၅၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဧဝုပဒေအမိန့်-၂၁၊ နည်း-၂၂)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၁ နှင့်ဆက်သွယ်သည့် ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၉

ဦးနိုင်ဝင်းအောင် **နှင့်** ၁။ ဦးမြင့်အောင်
၂။ ဒေါ်မြတင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဒေါ်မြတင် ဦးပိုင်အမှတ် ၆၅၊ အကွက်အမှတ်(၈၈-၃၀)၊ (ဆ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၁တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနိုင်ဝင်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁စရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လှကြည်)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးလှမြင့် ၁၂/မဂဒ(နိုင်)၀၀၇၄၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ တာပုံကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်နှင့် အမည်(၂၂/နားဖရွာမ)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၃/၃၅၃)၊ မြေချိန်ဧရိယာ ၁၉ဒသမ ၂၅ဧကရှိ လယ်ယာမြေများသည် ဦးလှမြင့်ပိုင်ဆိုင်သည့် လယ်ယာမြေများဖြစ်ပါသည်။

၂။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဟိုဒွေကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(ကွင်းအမှတ်-ပြင်/ချောင်းသာကျေးရွာ)ရှိ မြေချိန် ဧရိယာ ၈၅ဒသမ ၀၀ဧကာနဲ့ရှိ မြေလွတ်၊ မြေလုပ်နှင့် မြေရိုင်းများတွင် ဖြစ်ပေါ်လျက်ရှိသောပြဿနာများကို ဖြေရှင်းပေးရန်နှင့် လားရှိုးမြို့ရှိ ဦးလှမြင့်ပိုင် လယ်မြေတွင် တရုတ်စကားပင် ၈က(၂၀)ခန့် စိုက်ပျိုးပေးရန် ဦးလေးနိုင် ၉/မနမ(နိုင်)၀၃၇၂၁၈အား အကူအညီတောင်းခဲ့ပါသည်။ ၄င်းကစ္စများဆောင်ရွက်ရန်အတွက် ဦးလှမြင့်ပိုင် လယ်မြေများထဲမှ အထက်အပိုဒ်(၁)ပါ လယ်ယာမြေကို ခွဲပေးခဲ့ပါသည်။ ဦးလေးနိုင်သည် ဦးလှမြင့်နှင့်သဘောတူထားသော ပြဿနာများကို ဖြေရှင်းပေးရန်နှင့် လားရှိုးမြို့ရှိ ဦးလှမြင့်ပိုင်လယ်မြေတွင် တရုတ်စကားပင် ၈က(၂၀)ခန့် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခြင်းမရှိဘဲ အထက်အပိုဒ်(၁)ပါ မြေလွတ်ကိုရောင်းချလိုက်ကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၁)ပါ လယ်ယာမြေများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အထက်အပိုဒ်(၁)ပါ လယ်ယာမြေများသည် ဦးလှမြင့်ပိုင်ဆိုင်သည့် လယ်ယာမြေများဖြစ်၍ ဦးလှမြင့် သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ ဦးလှမြင့် သိရှိခြင်းမရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြူမျိုးကျော် LL.B
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၈၈၉
အမှတ်(၅၉)၊ ဗြိမ်းချမ်းရေးလမ်း၊ နယ်မြေ(၆)၊ ရပ်ကွက်(၈)၊ လားရှိုးမြို့
ဖုန်း-၀၉-၃၆၀၃၂၇၈၄၊ ၀၉-၂၅၃၉၆၈၆၁၁

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း) အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္ဓီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း(၂၂) ကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သချာ်စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၀-၁၂-၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၉-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)

(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္ဓီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

မွန်ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်မြို့
၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၉၅

ဦးအောင်သိန်း **နှင့်** ၁။ ဒေါ်တင်ရှိန်
၂။ ဒေါ်မာမာအေး

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ဒေါ်မာမာအေး (ပွင့်လန်းချစ်သူကဖီး)၊ အာရှလမ်း၊ မြန်မာနန်းဆောက်လုပ်ရေးရပ်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့ (ယခုနေလိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးအောင်သိန်းက ဤရုံးသို့ မော်လမြိုင်ခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၆/၂၀၁၄ အမှုတွင် ၂၅-၈-၂၀၁၅ရက်က ချမှတ်သည့် အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်ထားချက်အတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားနာပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ဝေ)
ဒုတိယခရိုင်တရားသူကြီး
မွန်ပြည်နယ်တရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာနွယ်(၁)လမ်း၊ အမှတ် ၂၅၂၊ (၁၂ပေ×၃၅ပေ)ရှိသော မှန်ခန်းတိုက်ခန်းအား ဦးဌေးလှိုင် ၁၄/အဂပ(နိုင်) ၀၂၅၃၈၈ မှ တရားဝင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း ဝန်ခံသဖြင့် ဒေါ်ဇာခြည်ငြိမ်း ၁၂/အစန(နိုင်)၁၉၃၃၉၉ မှ အပြီးအိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ဦးဌေးလှိုင်သို့ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိဖြူသွင် (LL.B)၊ စဉ်(၉၀၀၈)
(Advocate)
Royal King Real Estate Co., Ltd.
အမှတ် ၂၀၊ ပါရဒီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ**	-	အမှတ်(၆၉/၇၀)၊ မြမာလာလမ်း၊ သာကေတ စက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ**	-	မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ**	-	သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ်(၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပြီးတင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၅ ရက်မှ စတင်၍ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၆-၁-၂၀၁၆ ရက် ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၇၇

ခေါ်အေးသန္တာ **နှင့်** ၁။ မခိုင်ဇင်သက်ထား
၂။ ခေါ်ဖြူသင်းနု

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ခေါ်ဖြူသင်းနု အမက (၃)၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ခေါ်အေးသန္တာက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၅၈ အရ ဝရမ်းခွာပေးစေလိုမှုစွဲဆိုထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်စိုး)
ဒုတိယခရိုင်တရားသူကြီး (၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဧဝုပဒေအမိန့်-၅၁၊ နည်းဥပဒေ-၂၀)
တောင်ငူခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားကြီးမှုအမှတ်-၁၂၆

ဦးကျော်ဆန်း **နှင့်** ဦးအောင်ကျော်မြင့်
(ဦးကျော်ဆန်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဟန်ထိုက်အားဖြင့်)

တရားလို **တရားပြိုင်**

တောင်ငူမြို့၊ ကန်ရိုးကျေးရွာ၊ နယ်မြေ(၂)၊ ရန်ကုန်-မန္တလေးလမ်းနေ တရားပြိုင် ဦးအောင်ကျော်မြင့် (ဘ) ဦးကြီးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

